ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (23-10-2007) (၅၇၇၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ ရုပ်သေးမဟာဒုက် ဇာတ်တော်ပြိုင်ပွဲသို့ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ ရုပ်သေး မဟာဒုက် ဇာတ်တော်ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ ကျင်းပရာ ဧရာဝတီတိုင်းမှ ရောလှိုင်းရုပ်စုံသဘင်အဖွဲ့က ပါဝင်ကပြယှဉ်ပြိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ ရုပ်သေးမဟာဒုက် ဇာတ်တော်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊

စာမျက်နှာ ၃ ကော်လံ ၆ သို့ ●

မြန်မာနိုင်ငံတွင် ဘာသာတရားအားလုံး လွတ်လပ်စိတ်ချမ်းမြေ့စွာ ကိုးကွယ်နိုင်လျက်ရှိကြသည်

မြန်မာနိုင်ငံတွင် မြန်မာတို့၏ စိတ်ရင်း၊ ဘာသာတရား၏ အဆုံးအမ၊ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုတို့ကြောင့် မေတ္တာတရား၊ မေတ္တာဓာတ် လွှမ်းပတ်ထားသဖြင့် ပြည်တွင်း ပြည်ပ သွေးထိုး၊ သပ်လျှို၊ ရန်တိုက်ပေးမှုများရှိသည့်တိုင် ဘာသာတရားအားလုံး လွတ်လပ်စိတ်ချမ်းမြေ့စွာ မိမိတို့ ယုံကြည်ရာဘာသာကို စိတ်ဖြောင့်လက်ဖြောင့် ကိုးကွယ်နိုင်လျက်ရှိကြသည်။

ဖိုးရေချမ်း၏ **"ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါမြူးကွန့် အဝွန့်ရှည်စွာ တည်စေသော၀" (၁)** (ဆောင်းပါး) စာမျက်နှာ-၈၊ ၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၁၀-၂၀၀၇
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူကူးမျဉ်းကျားများတွင် ယာဉ်များအရှိန်လျှော့မောင်းနှင် လမ်းဖြတ်ကူးသူကို ဦးစားပေးစေရေး စည်းရုံးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ထိခိုက်ဒဏ်ရာရသော လူနာများအား ပို့ဆောင်ပေးလျက်ရှိသည့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သူနာတင်ယာဉ်နှစ်စီးအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ထိခိုက်ဒဏ်ရာရသော လူနာများအား ပို့ဆောင်ပေးလျက်ရှိသည့် သူနာတင်ယာဉ် နှစ်စီးအား ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Toyota Microbus နှင့် Toyota Hiace သူနာတင်ယာဉ်နှစ်စီးတို့သည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၆ ရက်အထိ သယ်ဆောင်အခေါက်ရေ ၂၀၁ ခေါက်နှင့် လူနာ ၃၄၆ ဦးတို့အား ဆေးရုံများသို့ အချိန်မီပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယာဉ်လိုင်းအချို့မှ ယာဉ်စီးခနှုန်းထားများ ပိုမိုတောင်းခံမှုမရှိစေရေးနှင့် ယာဉ်စည်းကမ်း ဖောက်ဖျက်မှုများ မရှိစေရေး ပညာပေးကြပ်မတ်ကြရန်၊ လူကူးမျဉ်းကျားများတွင် ယာဉ်များအရှိန်လျှော့မောင်းနှင်ပြီး လမ်းဖြတ်ကူးသူကို ဦးစားပေးစေရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယာဉ်နံပါတ်ပြားများ စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူသွားရန်၊ ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ယာဉ်မောင်းများအား ဖမ်းဆီးအရေးယူရန်နှင့် မြို့တွင်းလမ်းဘေးများတွင် စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အပေါ့သွားခြင်းများကို အရေးယူသွားရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းမြင့်မား ရိုးရာယဉ်ကျေးမှု အနုပညာများ ထွန်းကားပြန့်ပွား

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ရှေးဘိုးဘွားဘီဘင် အဆက်ဆက်တို့က အစဉ်တစိုက် ထိန်းသိမ်းလာခဲ့ရာ ယခုအချိန်အထိ ထည်ထည်ဝါဝါ ရပ်တည်နိုင်ဆဲဖြစ်သည်။ အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးလက္ခဏာများ ယနေ့ထက်တိုင် မော်ကွန်းထိုးထားနိုင်ဆဲဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် နိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များ၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တများမြင့်မားနေစေရေး မြှင့်တင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားခိုင်မာစေရေးအတွက် တစ်ခန်း တစ်ကဏ္ဍက ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာလ ၁၇ ရက်နေ့မှ စတင်၍ နေပြည်တော်တွင် ကျင်းပလျက်ရှိရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ အနုပညာရှင်များက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၊ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲနှင့် ပြဇာတ်ပြိုင်ပွဲများ၌ သိုက်သိုက်ဝန်းဝန်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲကြီး ကျင်းပသည့်အတွက် မြန်မာ့ဇာတ်သဘင်၊ ရုပ်စုံသဘင်နှင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ပြည်သူအများ ရှုစားနိုင်ကြသည့်အပြင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များလည်း ပေါ်ထွက်လာနိုင်မည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားစေပြီး မြန်မာ့ရိုးရာအနုပညာရပ်များ၏ ဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင် ဆင့်ပွားတိုးတက်စေသည်။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ရှင်သန် ထွန်းကားပြန့်ပွားရေး အတွက် ပိုမိုအထောက်အကူပြုလျက်ရှိပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် သပြေလမ်းနေ နှစ်ဖက်သော မိဘများကို ရည်စူး၍ ဦးစိန်လှိုင်-ဒေါ်သိန်းကြင် သားသမီးမြေးတစ်စုတို့မှ ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်လှိုင်နှင့် ဦးဟံညွန့်တို့က လက်ခံရယူစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်ဆဲ နှစ်ထပ်သာသနာ့ဗိမာန်တော်ကြီးအတွက် မိခင်ကြီး ဒေါ်စန်းရီအား အမှူးထား၍ သမီး ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုတ်ကုမ္ပဏီမိသားစုက အလှူငွေကျပ် ၁၂၅ သိန်း ပေးအပ်လှူဒါန်းရာ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်ကြီး၏ စတုပစ္စယနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အလှူငွေများ လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပြည်မြို့မရှိခဏကျောင်း ဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်မြို့ မဟာသီရိခေတ္တရာ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဝေရ၏ ဝိဇာတမွေးနေ့မင်္ဂလာကို အောက်တိုဘာ ၂၇ ရက်တွင် မဟာသီရိခေတ္တရာ မရှိခဏကျောင်း၌ ဆင်ယင်ကျင်းပမည် ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားထားကြောင်းနှင့် ဖုန်း ၀၅၃-၂၅၆၀၁ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်ခြောက် သားငါးဈေး၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်းအပြင်ရှိ ရေမြောင်းများအတွင်းမှ အမှိုက်၊ နုန်း၊ သဲ၊ မြေကြီးများ ဆယ်ယူရှင်းလင်းခြင်း၊ ဈေးအတွင်း အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဒု-ဦးစီးမှူး(ဈေး) ဦးသန်းထွန်း ဦးစီး၍ ဈေးဌာနစိတ် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

✱ (၁၅)ကြိမ်မြောက်မှ

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှဝန်ထမ်းများ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဆင်း၊ပေါက်ကုန်း၊မအူတော၊ စိမ်းစားပင်၊သာယာစု၊သစ်တပ်စသည့်ကျေးရွာများမှ ပြည်သူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဧရာဝတီတိုင်း၏ ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့တွင် ဦးကိုကိုကြီး(ဟသ်ာတ)ဇာတ်ညွှန်းရေးသားစီစဉ်ကြီးကြပ်၍ ဦးသန်းဝင်း (ဟသ်ာတ)က စင်တင်ဒါရိုက်တာအဖြစ်ဆောင်ရွက်ပြီး ကြိုးဆွဲခေါင်းဆောင်အဖြစ် ဦးစိုးမြင့်(ဂျာမနီပြန်)နှင့် ကြိုးဆွဲအဖွဲ့သားများ၊ အသံအဖွဲ့သားများ၊ ဦးဘိုဘိုလှိုင် ခေါင်းဆောင်သော ဆိုင်းအဖွဲ့သားများက ဖျော်ဖြေတင်ဆက်ကြသည်။

မြိုင်မြိုင်ဆိုင်ဆိုင်

ဧရာဝတီတိုင်းမှ ဧရာလှိုင်းရုပ်စုံသဘင်အဖွဲ့၏ မဟာဒုက်ဇာတ်တော်တွင် ဦးထိပ်ပန်ဆင် ဘုရားရှင်နှင့် ပွဲဦးအလင်္ကာအပျိုတော်အကပြခန်း၊ ကဿပမြတ်စွာဘုရားရှင်၏တရားတော်သဘင်၊ ပညာရှိနိဗ္ဗာန်ဆော်ယောက်ျားမှ ဘုရားရှင်နှင့်တကွ နောက်ပါရဟန်းအပေါင်းတို့ ဆွမ်းပင့်ဖိတ်ခန်း၊ နိဗ္ဗာန်ဆော်ယောက်ျားက မြို့တွင်း၌ဆွမ်းကပ်လှူဒါန်းရန်နှိုးဆော်၊ မဟာဒုက်ရဟန်း တစ်ပါးတာဝန်ယူခန်း၊ မဟာဒုက်က ရဟန်းတစ်ပါးဆွမ်းပင့်ဖိတ်လာသည့်အကြောင်း မယားဖြစ်သူ ဒလိဒ္ဒကိုပြောခန်း၊ မဟာဒုက်ဆွမ်းကျွေးရန်အတွက် အလုပ်ကြိုးစားသည်ကို နှစ်သက်၍ သူဌေးက ဆုချီးမြှင့်ခန်း၊ မဟာဒုက်အား ဒလိဒ္ဒအလုပ်ကြိုးစားသည်ကို သဘောကျ၍ သူဌေးမမှ ဆုချီးမြှင့်ခန်း၊ မဟာဒုက်ဟင်းရွက်ခူးရာ တံငါနှင့်တွေ့၍ငါးကြင်းငါးရရှိခန်း၊ သိကြားမင်းမှ ထမင်းချက်သမားယောင်ဆောင်၍ မဟာဒုက်အိမ်သို့ သွားရောက်ရန် လူ့ပြည်သို့ဆင်းခန်း၊ သိကြားမင်းလူယောင်ဖန်ဆင်းပြီး မဟာဒုက်အိမ်သို့ ရောက်ရှိ၍ အလုပ်တောင်းခံလုပ်ကိုင်ခန်း၊ မဟာဒုက် တစ်ပါး သွားရောက်ပင့်ဆောင်ရာ မရ၍ငိုကြွေးခန်း၊ မဟာဒုက် ကဿပမြတ်စွာဘုရား ဂန္ဓကုဋိတိုက်သို့ သွားရောက်လျှောက်ထားရာ ဘုရားမှ သပိတ်တော်ပေးတော်မူခန်း၊ မဟာဒုက်နှင့်ဒလိဒ္ဒတို့ ရတနာများကို ဘုရင့်ထံဆက်သ၊ သူဌေးအိမ်နေရာမှ ရွှေအိုးများရရှိပြန်ရာ ဘုရင်က မဟာဒုက်တို့အား ထပ်မံပေးခန်းနှင့် သစ္စာထားနှစ်ပါးသွားထွက်၍ ဇာတ်ပေါင်းခန်း စုစုပေါင်း(၁၄)ခန်းတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်ဖျော်ဖြေကြသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ခုနှစ်(၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမရရှိသွားသော အနောက်မြောက်တိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီးနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ဘောလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တတိယဆုရရှိသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအား ဆုချီးမြှင့်ပြီး ဒုတိယဆုရရှိသော အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပထမဆုရရှိသွားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နေရာအလိုက် အကောင်းဆုံးဘောလုံးသမား ဆုရရှိကြသူများနှင့်အသန့်ရှင်းဆုံးအသင်းဆုရရှိသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပထမရရှိသွားသော အနောက်မြောက်တိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီးနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်များ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မအူကုန်းဓမ္မာရုံ အဘိဓမ္မာအခါတော်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့် အောက်တိုဘာ၂၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ မင်္ဂလသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ပဓာန နာယကဆရာတော်များဖြစ်ကြသည့် ဘဒ္ဒန္တဉာဏမဠ္ဍ (အဂ္ဂမဟာပဏ္ဍိတ)၊ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ ကုန္တက (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော ပင့်သံဃာ အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။လှူဒါန်းလိုသူများသည် အမှတ်(၄၃)၊၁၃၈-လမ်း မအူကုန်းဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

စာရင်းစစ်များ လုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၇)သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသား၊ သင်တန်းသူ ၈၂ဦးတက်ရောက်ကြသည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်သည်။

အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့၌ အောက်တိုဘာ ၂၃ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် ရွှေကြက်ရာပန်းရုပ်ရှင်ပွဲတော်တွင် ဆင္ဍဂံဇာတ်ကားပါဝင်ပြသရန်အတွက် မြန်မာ့ရုပ်ရှင် လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးလှဆွေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြင့်မြင့်ခိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းကြည်နှင့် သရုပ်ဆောင်ဦးဝေဠုကျော်တို့ လေးဦးသည် အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေကြက်ရာပန်း ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာကိုယ်စားလှယ်အဖွဲ့ ဦးလှဆွေ၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးဝင်းကြည်နှင့် ဦးဝေဠုကျော်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ငါ့သရောက်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ ဆောင်းပါးရှင် ချမ်းမြအေး၏ "မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်)သားရွှေအိုးထမ်းသည်ကိုသာမြင်လိုပါသည်" (အပိုင်း-၃)
၄:၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း-၂၃)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း-၁၇)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မလေးရှား၌ ဂြိုဟ်တုစနစ်သုံး ငါးဖမ်းရေး အစီအစဉ်စတင်

ကွာလာလမ်ပူ အောက်တိုဘာ ၂၁

မလေးရှားနိုင်ငံမှ ရေလုပ်သား ၉၀၀၀၀ ခန့်၏ ဝင်ငွေတိုးတက်လာရန် ကြိုးပမ်းသည့်အနေဖြင့် မလေးရှားအစိုးရက ဂြိုဟ်တုစနစ်သုံး ငါးဖမ်းဆီးရေးအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

ဂြိုဟ်တုနည်းပညာဖြင့် ငါးအုပ်များ တည်ရာကို ရှာဖွေပေးနိုင်ခြင်းဖြင့် ငါးပမာဏပိုမိုရနိုင်ပြီး ဝင်ငွေလည်း ပိုမိုရရှိလာနိုင်သည်ဟု နယူးစထရိတ်တိုင်းမ်သတင်းစာက ဖော်ပြသည်။ ယင်းအစီအစဉ်၏ ရှေ့ပြေးစီမံကိန်းကို ကီလန်တန်၊ ထီရန်ဂါနုနှင့် ပါဟန်ပြည်နယ်တို့တွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

ယင်းစနစ်ကို ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ တစ်နိုင်ငံလုံးတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိပ္ပံနည်းပညာနှင့် တီထွင်မှုဌာနဝန်ကြီးဂျာမာလူဒင်ဂျာရစ်နှင့်မလေးရှားဂြိုဟ်တုသတင်းအချက်အလက်ဌာနမှညွှန်ကြားရေးမှူး ဒါရပ်အာမက်တို့က ပြောကြားသည်။

မလေးရှားနိုင်ငံသည် တစ်နှစ်လျှင် ပင်လယ်ငါး၊ ကျောက်ပွင့်နှင့် ရေချိုငါးတန်ချိန် ၁ ဒသမ ၂ သန်း ထုတ်လုပ်လျက်ရှိသည်။ ဂြိုဟ်တုနည်းများကို အသုံးပြုခြင်းဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ငါးတန်ချိန် နှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ငါးဖမ်းရေယာဉ်ပေါ်တွင် ဂြိုဟ်တုနှင့် ဆက်သွယ်ထားသည့်ရေဒါ တပ်ဆင်ထားမည်ဖြစ်ပြီး ရာသီဥတုနှင့် ပင်လယ်ပြင်အခြေအနေ၊ အပူချိန်အနေအထားတို့အရ ငါးအုပ်များ တည်ရှိသည့်နေရာကို အတိအကျ ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကုန်တိုက်ကြီး တစ်ခုကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှု အီရတ်အစိုးရ ကန့်ကွက်

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၂၁ ရက်က အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ ပစ်ခတ်မှုကြောင့် တိုက်ခိုက်ရေးသမား ၄၉ ဦးသေဆုံးသည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာသည်။ သို့သော် အခင်းဖြစ်ပွားမှုတွင် အရပ်သူ၊ အရပ်သားများ ထိခိုက်သေကျေကြရသည့် အတွက် အီရတ်အစိုးရက ယင်းကိစ္စကို ကန့်ကွက်ထားသည်။

ဆာဒါစီးတီး၌ ပြင်းထန်သည့် တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ဆာဒါစီးတီးမြို့မှာ အမေရိကန်ကို ဆန့်ကျင်သူ မိုတာဒါ၏ နောက်လိုက်များ အားကောင်းရာ မြို့ဖြစ်သည်။အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားသားများကို ဖမ်းဆီးထားသူများအဖြစ် မသင်္ကာသူများကို ဖမ်းဆီးရန် ရည်ရွယ်၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။

အဆိုပါ တိုက်ပွဲအတွင်း အရပ်သူ၊ အရပ်သား ၁၃ ဦးသေဆုံးပြီး ၆၉ ဦး ဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့များသည် ရဟတ်ယာဉ်လေကြောင်း ပစ်ကူကိုရယူ၍ တိုက်ခိုက်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်၏ အောက်တိုဘာ ၂၁ရက် ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

အောက်တိုဘာ ၁၇ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်အနီး ဗုံးပေါက်ကွဲသဖြင့် ယင်းကဲ့သို့ သေကျေဒဏ်ရာရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

အီရတ်စစ်ပွဲ စတင် ခဲ့ချိန်နောက်ပိုင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်၃၈၃၅ ဦးရှိပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေလွှမ်းမိုးမှုပြဿနာ ဖြေရှင်းရေးသင်တန်းဖွင့်လှစ်မည် အာရှငါးနိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များ ပို့ချမည်

ဗန်ကောက် အောက်တိုဘာ ၂၁

ရာသီဥတုပြောင်းလဲမှုကြောင့်ရေလွှမ်းမိုးမှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်ရသည့် အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ကုလသမဂ္ဂတက္ကသိုလ်က သင်တန်းပို့ချပေးမည် ဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် စတင်မည့် ယင်းသင်တန်း၌ အာရှငါးနိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂ တက္ကသိုလ်သည် ရေလွှမ်းမိုးမှုပြဿနာဖြေရှင်းရေးဆိုင်ရာ သုံးလသင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းတွင် တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကျွမ်းကျင်သူ ပညာရှင်များက ပို့ချပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်တန်းပေးမည်

အာရှတိုက်သည် ရေလွှမ်းမိုးမှုပြဿနာကို နှစ်စဉ်ခံစားနေရကြောင်း၊ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရန် နည်းလမ်းများအတွက် ပြင်ဆင်နိုင်စေရန် လေ့ကျင့်သင်တန်းပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရေလွှမ်းမိုးမှုဆိုင်ရာ ဘေးအန္တရာယ်များ၊ ရေလွှမ်းမိုးမှုကြောင့် စီးပွားရေးထိခိုက်နိုင်ပုံ၊ တာရိုးများ တည်ဆောက်ခြင်းဆိုင်ရာ ဒီဇိုင်းပုံစံများ ထုတ်လုပ်ခြင်း၊ ရာသီဥတုခန့်မှန်းခြင်းနှင့် ရေလွှမ်းမိုးမှု ကြိုတင်သတိပေးရေးစနစ် စသည်တို့နှင့် ပတ်သက်၍ လေ့ကျင့်ပေးမည်ဖြစ်သည်။

သေဆုံး

တောင်အာရှဒေသတွင် ယခုနှစ်အတွင်း မုတ်သုံမိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူ ၃၀၀၀ ကျော် သေဆုံးခဲ့ရပြီး ပြည်သူ သန်း ၁၀၀ကျော် ရေဘေးဒုက္ခများကို ခံစားခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ တာ့ချောင်ရှန် ရေကာတာကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲ အဆုံးသတ်ရေး လော့စ်အိန်ဂျလိစ်မြို့တော်ကောင်စီ တိုက်တွန်း

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ မြို့တော်ကောင်စီသည် အီရတ်စစ်ပွဲ အဆုံးသတ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်ကြောင်း အောက်တိုဘာ ၂၀ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ဆုံးရုပ်သိမ်းပေးရန် တောင်းဆိုသည်ဟု ကောင်စီဝင် ဘီရီဆန်ဒယ်က ပြောကြားသည်။

အီရတ်စစ်ပွဲ ပြီးဆုံးရေးအတွက် အမေရိကန် အစိုးရဆောင်ရွက်ရန် လော့စ်အိန်ဂျလိစ်မြို့က အတိအလင်း တောင်းဆိုလိုက်ကြောင်း ၎င်းက ပြောကြားသည်။ တရားမျှတမှုမရှိသည့် အီရတ်စစ်ပွဲအတွက် အမေရိကန်နိုင်ငံသား လူရွယ်များနှင့် အမျိုးသမီးများသေဆုံးခဲ့ရကြောင်း၊ ယင်းစစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀ခန့်သေဆုံးခဲ့ရာတွင် ကယ်လီဖိုးနီးယားပြည်နယ်မှ ၄၀၉ ဦး၊ လော့စ်အိန်ဂျလိစ်မြို့မှ ၁၁၅ ဦး ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စီပြည်နယ်တွင်ကြွေထည်ပစ္စည်းများထုတ်လုပ်နေသည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်

(ဓာတ်ပုံ-ဆင်ဟွာ)

နိုင်ငံတကာလေဆိပ်သစ် တည်ဆောက်ရန် နီပေါအစိုးရ ပြင်ဆင်

ခတ္တမန္ဒူ အောက်တိုဘာ ၂၁

နီပေါနိုင်ငံတွင် ဒုတိယမြောက် နိုင်ငံတကာလေဆိပ်သစ် တည်ဆောက်ရန် အစိုးရအဖွဲ့က စတင်ပြင်ဆင်လျက်ရှိကြောင်း ဟိမဝန္တာတိုင်းမ်စ်သတင်းစာက အောက်တိုဘာ၂၀ ရက်တွင် ရေးသားဖော်ပြသည်။ နိုင်ငံတကာလေဆိပ်သစ်ကို မြို့တော်ခတ္တမန္ဒူ၏ တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိဘာရာခရိုင် နီးဂျက်မြို့၌ တည်ဆောက်မည် ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

လေဆိပ်တည်ဆောက်မည့်မြေနေရာအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်းနီပေါဘဏ္ဍာရေးဝန်ကြီး ရမ်စာရန်မာဟက်က ပြောကြားသည်။ လေဆိပ်သစ်တည်ဆောက်မည့် နေရာမှာ သစ်တောဒေသဖြစ်ပြီး သစ်တောဒေသတွင် နေထိုင်သူ မိသားစုပေါင်း ၂၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးရမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယာဉ်အန္တရာယ်များကြောင့် အင်ဒိုနီးရှားတွင် ၄၅၃ ဦး သေဆုံး

ဂျကာတာ အောက်တိုဘာ ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် အစ်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကြောင့် သေဆုံးသူ ၄၅၃ ဦးရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် အစ်ပွဲတော်ကာလအတွင်း မတော်တဆမှုဖြင့် သေဆုံးသူဦးရေ၏ ၇၄ ဒသမ ၂၉ ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက အမျိုးသားရဲတပ်ဖွဲ့ လုံခြုံရေးကွပ်ကဲရေးဌာန အကြီးအကဲ ဗိုလ်ချုပ်ကြီးအီမန် ဟာရီပက်နာအား ကိုးကား၍ ဖော်ပြသည်။

အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ယာဉ်မတော်တဆမှု ၁၂၈၆ မှုဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ရပ်အများစုမှာ မော်တော်ဆိုင်ကယ်စီးသူများ၏ ပေါ့ဆမှုကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပြောင်းလဲသွားသော မြန်မာ့ကျေးလက်ရှုခင်း

ဦးသန်းထွန်း (ရွှေဘို)

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က ထုတ်ဝေခဲ့သော **ရန်ကုန်တက္ကသိုလ် နှစ်(၅၀)ပြည့်စာစောင်** (၁၉၇၀)တွင် မောင်ကြီးပွား ရေးသားသည့် **"ဦးကြီးနှင့် တွေ့ဆုံခြင်း"** ဆောင်းပါး ပါရှိလေသည်။ စီးပွားရေးတက္ကသိုလ် တောလက်ကျေးရွာ စီးပွားရေးနှင့် လူမှုရေး လေ့လာရေးအဖွဲ့ဝင်တစ်ဦးက ကျေးလက်တွင်တွေ့ကြုံရသော မြင်ကွင်းကို ရေးဖွဲ့ထားခြင်းဖြစ်၏။ အချို့ကို ထုတ်နှုတ်တင်ပြပါမည်–

"ဩော်–ဦးလေးနာမည်က ဦးဖိုးခွေးနော်၊ ဘာအလုပ်အကိုင်များ လုပ်ပါသလဲခင်ဗျား"

"လယ်ကူလီလို့ပဲ ရှင်းရှင်းဆိုပါစို့ကွယ်"

"ပညာဘယ်အထိ သင်ခဲ့ရပါသလဲခင်ဗျာ"

"ဘုန်းကြီးကျောင်းထွက်ပါ။ ဇနီးလည်း စာမတတ်ပါဘူး။ ငါ့သမီးကြီးလည်း စာမတတ်ဘူးကွဲ့။ သားအငယ်ကိုလည်း လယ်ထဲကူဖို့ခိုင်းထားတော့ ကျောင်းမနေရသေးဘူး"

"ရေဒီယိုတို့ ဘာတို့ရှိပါသလား"

"အင်း–ဟိုနားက ကားထောင်တဲ့ အိမ်မှာတော့ရှိတယ်။ ဒါပေမယ့် ဝေးလို့ သွားနားမထောင်အားပါဘူး"

"ဟင် ဒါဖြင့် ခုမြန်မာ့အသံကလွှင့်နေတဲ့ ကျေးလက်စိုက်ပျိုးရေး အခန်းတွေ၊ မိုးလေဝသကြေညာချက်တွေ ဘယ်လိုသိတော့မလဲ"

"......"

"သတင်းစာကော"

"တစ်ခါတစ်ခါတော့ ဖတ်မိပါတယ်"

"ဘယ်အခါမှာ ဖတ်ပါသလဲခင်ဗျာ"

"မုန့်ထုပ်တွေ၊ ပဲလှော်ထုပ်တွေကပါလာတဲ့ သတင်းစာတစ်ပိုင်းတစ်စကိုပေါ့ကွယ်"

"သတင်းစာလည်းမဖတ်၊ ရေဒီယိုလည်းနားမထောင်၊ ပညာပေးရုပ်ရှင်ကိုလည်းမကြည့်သူ ကျွန်ုပ်တို့ ဦးကြီးကို ဗဟုသုတပေတံဖြင့် တိုင်းလိုက်သောအခါ သုညဒီဂရီပြနေ၏။ ခက်ချေပြီ။ သူဘာပြောမှာ ပါလိမ့်။ စပါးဈေးတွေ တိုးပေးဖို့ ပြောပေးပါဟုဆိုလျှင် ငါလည်း တတ်နိုင်သူမဟုတ်။ ချည်လုံချည်မရတာကြာပြီ၊ ရအောင်သာ လုပ်ပေးပါဟုဆိုလျှင်လည်း ငါလည်းဆိုင်ရာကို ပြောလို့မှရပါ့မလား"

ဤသည်တို့ကား လွန်ခဲ့သော (၃၇) နှစ် ၁၉၇၀ ပြည့်နှစ်က မြန်မာ့ကျေးလက်ရှုခင်းပါတည်း။"မောင်ကြီးပွား"ဆိုသူ၏ ဆောင်းပါးတွင် ထိုရှုခင်းကိုတွေ့ရသည်။ ထိုရှုခင်းသည် အတိတ်မှာ ကျန်ခဲ့ပါပြီ။

ယနေ့ကျေးလက်ရှုခင်းတွင်–

အိမ်ကြီးအိမ်ကောင်း အတော်များလာသည်ကို တွေ့ရမည်။ ကျောင်းနေအရွယ် ကလေးတိုင်းလိုလို ကျောင်းသွားကြတာကို မြင်ရမည်။ အိမ်တွေမှာ၊ လယ်တောတွေမှာ ဓာတ်ခဲရေဒီယိုလေးတွေ ဖွင့်နေတာ ကြားရမည်။ အချို့အိမ်တွေမှာ ရုပ်မြင်သံကြားကြည့်နေကြသည်။ ညပိုင်းတွင် ဗီဒီယိုရုံ (တချို့ရွာမှာ နှစ်ရုံ၊ သုံးရုံ)တွင် ကြည့်သူတွေ စည်နေသည်။ လက်ဖက်ရည်ဆိုင်အချို့ပင် ရှိနေပြီ။

ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာစာကြည့်တိုက်၊ အချို့ရွာကြီးများတွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေး (တယ်လီဖုန်း)အိတ်ချိန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အချို့ရွာများတွင် ရဲစခန်း၊ ရဲကင်း၊ ဈေး၊ ကျေးရွာတိုင်းလိုလိုမှာပင် မူလတန်းကျောင်း၊ အချို့ရွာကြီးများတွင် အလယ်တန်းတို့အပြင် တွဲဖက်အထက်တန်းကျောင်းများပင်ရှိနေပြီ။ ဘုန်းတော်ကြီးသင်ကျောင်းလည်း ရွာအချို့တွင်ရှိသည်။

ကျေးရွာများတွင် တက္ကသိုလ်ဘွဲ့ရများ၊ တပ်ဘက် နယ်ဘက် အရာရှိများ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများလည်း အရေအတွက်များလာပြီ။

လယ်တောထဲတွင် ရေစုပ်စက်ဖြင့် ရေတင်သံ၊ လက်တွန်း ထွန်စက်ဖြင့် ထွန်ယက်နေသံများကို ကြားနေရပြီ။

ယနေ့ ကျေးလက်ဒေသ၏ အဝတ်အထည်သည် ချည်လုံချည် မဟုတ်တော့သလို အစားအသောက်လည်း ငါးပိနှင့်ပဲ ဒိုင်ခံမဟုတ်တော့ပါ။ သွားလာရေးတွင်လည်း လှည်းလှေခေတ် မဟုတ်တော့ပါ။ ကျေးရွာများတွင် မော်တော်ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်တွေပေါ်နေပါပြီ။ ပကတိအခြေအနေမှန် ဖြစ်ပေသည်။

ဆန်စပါးဈေးကို အစိုးရက သတ်မှတ်သော ခေတ်မဟုတ်တော့သဖြင့် တောင်သူလယ်သမားတို့ လွတ်လပ်စွာ ရောင်းချနိုင်ပါသည်။ တောင်သူလယ်သမားတွေ ဝင်ငွေတိုးသဖြင့် ဘာသာ၊ သာသနာဘက်တွင်လည်း ဘုရားတည်၊ ကျောင်းဆောက် အလှူပေးနိုင်ကြပေပြီ။

ဤသည်တို့ကား နှစ်ပေါင်း ၄၀ ခန့်အတွင်း ပြောင်းလဲသွားသော မြန်မာ့ကျေးလက်ရှုခင်း ဖြစ်ပါသည်။ ဆက်လက်တိုးတက်ရန် အလားအလာနှင့် ပြုပြင်ရန် အချက်များလည်း များစွာရှိနေပါသေးသည်။ ။

ယနေ့ကျေးလက်ရှုခင်းတွင်–

အိမ်ကြီးအိမ်ကောင်း အတော်များလာသည်ကို တွေ့ရမည်။ ကျောင်းနေအရွယ် ကလေးတိုင်းလိုလို ကျောင်းသွားကြတာကို မြင်ရမည်။ အိမ်တွေမှာ၊ လယ်တောတွေမှာ ဓာတ်ခဲရေဒီယို လေးတွေ ဖွင့်နေတာ ကြားရမည်။ အချို့အိမ်တွေမှာ ရုပ်မြင်သံကြားကြည့်နေကြသည်။ ညပိုင်းတွင် ဗီဒီယိုရုံ (တချို့ရွာမှာ နှစ်ရုံ၊ သုံးရုံ) တွင် ကြည့်သူတွေ စည်နေသည်။ လက်ဖက်ရည်ဆိုင် အချို့ပင် ရှိနေပြီ။

ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာစာကြည့်တိုက်၊ အချို့ရွာကြီးများတွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေး (တယ်လီဖုန်း)အိတ်ချိန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အချို့ရွာများတွင် ရဲစခန်း၊ ရဲကင်း၊ ဈေး၊ ကျေးရွာတိုင်းလိုလိုမှာပင် မူလတန်းကျောင်း၊ အချို့ရွာကြီးများတွင် အလယ်တန်းတို့အပြင် တွဲဖက်အထက်တန်း ကျောင်းများပင်ရှိနေပြီ။ ဘုန်းတော်ကြီးသင်ကျောင်းလည်း ရွာအချို့တွင်ရှိသည်။ ကျေးရွာများတွင် တက္ကသိုလ်ဘွဲ့ရများ၊ တပ်ဘက် နယ်ဘက် အရာရှိများ၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများလည်း အရေအတွက်များလာပြီ။ လယ်တောထဲတွင် ရေစုပ်စက်ဖြင့် ရေတင်သံ၊ လက်တွန်း ထွန်စက်ဖြင့် ထွန်ယက်နေသံများကို ကြားနေရပြီ။

ကညွတ်ကွင်း အထက ရွှေရတုကျင်းပရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ကညွတ်ကွင်းမြို့ အထက နှစ်(၅၀) ပြည့် ရွှေရတုအတွက် ရန်ကုန်ရောက် ကျောင်းသူ၊ ကျောင်းသားဟောင်းများမှ ပထမအကြိမ် စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲကို တောင်ဥက္ကလာပမြို့နယ် ကေတုမာလာရိပ်သာ အမှတ် (၇၄/ခ)တွင် အောက်တိုဘာ ၂၁ ရက်က ကျင်းပရာ အလှူရှင်များကိုယ်စား ကျောင်းသားဟောင်းများက မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိန်းသို့ ပေးအပ်သည်။ **(အောက်ပုံ)**

ကညွတ်ကွင်းမြို့ အထက နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀ရက်များတွင် ပြုလုပ်မည်ဖြစ်ရာ ငွေလှူဒါန်းလိုသူများသည် ဦးမြင့်သိန်း ဖုန်း–၅၈၄၄၂၅၊ ဦးအောင်စိန် ဖုန်း–၅၇၈၀၅၅၊ ဦးအေးလွင် ဖုန်း–၅၇၈၅၂၄၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း–၀၉–၈၀ ၂၃၄၄၁၊ ဦးမောင်မောင်သိန်း ဖုန်း–၅၃၆၂၇၄၊၇၂၆၇၇၄၊ဦးအောင်ဝင်း ဖုန်း–၀၉–၅၀–၀၈၇၅၂၊ (ကညွတ်ကွင်းမြို့) ဦးအောင်မြင့် ဖုန်း–၀၅၄–၅၀၁၁၅၊ ဦးအောင်မင်း ဖုန်း–၀၅၄–၅၀၀၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၄)

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ လျှပ်စစ်မီးလင်းရေးအတွက် ရန်ကုန် ရွှေဘုံသာလမ်း စိန်ရွှေရတနာ ကုန်သည်များဖြစ်ကြသည့် သီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်စိုး–ဒေါ်မြမြစိုးမိသားစုက ငွေကျပ်တစ်သိန်းသုံးသောင်း၊ ဦးသန်းဈေး–ဒေါ်မူမူသိန်း မိသားစုက ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဦးစိုးအောင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဝါးရူး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသိန်းဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိန်မြင့်က ငွေကျပ်ငါးသောင်း အပါအဝင် အလှူငွေကျပ်ကိုးသိန်းကို လျှပ်စစ်မီးရရှိရေး ကော်မတီဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်စိုးက ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သန်းသို့ ပေးအပ်စဉ်။ (၀၄၆)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင်အလှူရှင်များ၏ (၄၇)ကြိမ်မြောက် ရေစက်ချအလှူမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုဧည့်ခံပွဲကို အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါဆေးရုံသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၇ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်သည်။

အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အခမ်းအနားသို့ တက်ရောက်မည်၊ မတက်ရောက်မည်ကို အဆိုပါဆေးရုံကြီး ဖုန်း–၅၄၁၇၉၅ နှင့် ၅၄၅၇၈၂ သို့ အောက်တိုဘာ ၂၆ရက် နောက်ဆုံးထား၍ အကြောင်းပြန်ရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဗိုလ်တထောင်မြို့နယ် လမ်း (၅၀)အောက်လမ်းရှိ ဓမ္မမာမက ဆွမ်းလောင်း ဓမ္မာရုံတွင် အမှတ် (၅)ရပ်ကွက်မှ ကြီးမှူး၍ အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီခွဲတွင် ပင့်သံဃာတော် ၆၃ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကြည့်ရှု အားပေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦး ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ပြိုင်ပွဲအစီအစဉ်များ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်၌ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁၇ရက်မှ စတင်ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပဉ္စမနေ့ပြိုင်ပွဲ အစီအစဉ်များကို အောက်တိုဘာ ၂၂ရက်တွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော်တွင် လေ့လာရန်ရောက်ရှိနေကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေး အဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများ၊ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များ တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ နံနက် ၉နာရီတွင် ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ခေတ်ဟောင်းကာလပေါ်တေး အကဲဖြတ် ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဂီတပညာရှင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ဒေါ်ကြည်အောင် သီဆိုသည့် "ဓာတ်တော်ဝေခန်း" သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ကယားပြည်နယ်မှ ဒေါ်ခင်လှနွယ်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းမှ မဋ္ဌေးဋ္ဌေးကြည်(ခေါ်) မဆွေဆွေအောင်၊ မန္တလေးတိုင်းမှ မြန်မာမလေး သပြေ၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြင့်မြင့်အေး၊ မွန်ပြည်နယ်မှ ဒေါ်ခင်စန်းဝေ၊ ရခိုင်ပြည်နယ်မှ မအေးမင်းခိုင်၊မကွေးတိုင်းမှ ဒေါ်မာလာဝင်းနှင့် ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အေဝမ်းဆရာညွှာ ရေးသားပြီး ဒေါ်ယဉ်ယဉ် သီဆိုသည့် "မဟာဇနက"သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုး၊ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ ရှမ်းပြည်နယ်မှ မောင်စိုင်းဖေဒါထူး၊ မန္တလေးတိုင်းမှ မောင်ထူးပြည့်စုံ၊ ရန်ကုန်တိုင်းမှ မောင်နှိုင်းထက်မာန်၊ မန္တလေးတိုင်းမှ မောင်တောက်ထွန်းအံ့၊ ကရင်ပြည်နယ်မှ မောင်စမ်းဝမ်းလုံ၊ ကချင်ပြည်နယ်မှ မောင်မင်းခန့်အောင်၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ မွန်ပြည်နယ်မှ မောင်ရာဇာကျော်၊ တနင်္သာရီတိုင်းမှ မောင်ကျော်ဇင်ခိုင်၊ စစ်ကိုင်းတိုင်းမှ မောင်အာကာဟိန်းနှင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင် ဦးစိန်မာဒင်နှင့် အကအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ဉာဏ်ဝင်း(ခေါ်) ပိုင်သူဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း၊ ပဲခူးတိုင်းမှ မောင်အောင်ဆန်းထူး၊ ရခိုင်ပြည်နယ်မှ မောင်ရင်မွန်၊ ဧရာဝတီတိုင်းမှ မောင်စောမောင်လှိုင်၊ စစ်ကိုင်းတိုင်းမှ မောင်မင်းမင်းသူ၊ ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦး၊ မန္တလေးတိုင်းမှ မောင်နိုင်လင်းဦး၊ မွန်ပြည်နယ်မှ မောင်ဋ္ဌေးမင်းသော်၊ မန္တလေးတိုင်းမှ မောင်သက်နိုင်ဝင်း(ခေါ်)သန်းလင်းကို၊ ကရင်ပြည်နယ်မှ မောင်စောမြလင်စိုး(ခေါ်) လင်းလင်းနှင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်တို့ ယှဉ်ပြိုင် ကပြကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်(အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်းမှ မောင်ဘုန်းပြည့်ပိုင်ပိုင်ထူး၊ မန္တလေးတိုင်းမှ မောင်တင့်ဖုန်းဝေနန်း၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ကျော်မင်းထွန်း၊ မန္တလေးတိုင်းမှ မောင်အောင်ဖြိုးခန့်၊ ကရင်ပြည်နယ်မှ မောင်စောအေးချမ်းမင်း၊ ပဲခူးတိုင်းမှ မောင်ရီဝေအောင်၊ ကချင်ပြည်နယ်မှ မောင်ဆန်းလင်းကို၊ ဧရာဝတီတိုင်းမှ မောင်ပြည့်စုံ၊ ပဲခူးတိုင်းမှမောင်သော်တာဝင်း၊ မွန်ပြည်နယ်မှ မောင်ဖုန်းမြတ်ဇော်၊ ရှမ်းပြည်နယ်မှ မောင်ဝေယံမင်း၊ စစ်ကိုင်းတိုင်းမှ မောင်ပိုင်ဖြိုးသူ(ခေါ်) မောင်ကောင်းမြတ်သူ၊ ရန်ကုန်တိုင်းမှ မောင်မြတ်မင်းခန့်၊ ကချင်ပြည်နယ်မှ မောင်လှမင်းထွန်း၊ ချင်းပြည်နယ်မှ မောင်ထက်ဇော်အောင်၊ မွန်ပြည်နယ်မှ မောင်ပိုင်ဦးနှင့် ကရင်ပြည်နယ်မှ မောင်စောသမော့ရှူးတို့ ယှဉ်ပြိုင် ကပြကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ပြိုင်ပွဲဝင်ရာတွင် ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် "တောမြိုင်ခြေလမ်း"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမင်းမင်းစိုး၊ မန္တလေးတိုင်းမှ မန္တလေးရှိုင်းဗိုလ်၊ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်း၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့ အသီးသီး တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် "သည်ဆောင်းဟေမန်"ဘွဲ့သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ ကချင်ပြည်နယ်မှ မကျော်ဆိုင်းဇင်၊ ရန်ကုန်တိုင်းမှ မဝင့်ရည်ရွှန်း၊ မန္တလေးတိုင်းမှ မဝင့်ဝါဦး၊ ရန်ကုန်တိုင်းမှ မနှင်းထက်အေးနှင့် မန္တလေးတိုင်းမှ မရတနာဥတို့ အသီးသီးတီးခတ် ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည် အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (စုဝေးခန်းမ)၌ ကျင်းပရာ အိုးစည် အတီးအကဲဖြတ်ပညာရှင်များအဖွဲ့-အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အိုးစည် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ စိန်ဗိုလ်ထွားနှင့်အဖွဲ့နှင့် မောင်အောင်မိုးဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်တင်ထက်လင်းပိုင်(ခ) ဗိုလ်ရှိုင်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်းသားလေး မောင်သော်ဇင်ဖြိုးနှင့် အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်မင်းဆွေနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ကျော်ထက်ထက်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်သဲချစ်ထွေးနှင့်အဖွဲ့၊စစ်ကိုင်းတိုင်းမှ မောင်ဘုန်းမြင့်ကျော်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ စောင်းအကဲဖြတ်ပညာရှင်များအဖွဲ့ ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) စောင်းအတီးပြိုင်ပွဲကိုကျင်းပရာ "လေပြည်ဆော်သွင်းမြူး(ယိုးဒယား) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ မန္တလေးတိုင်းမှ ဦးအောင်ကျော်ဇင်၊ ဧရာဝတီတိုင်းမှ ဦးမျိုးသန့်၊ မန္တလေးတိုင်းမှ ဦးသော်ဇင်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးကျော်လှ(ခေါ်) ဧကရာဇ်ကွင်းမောင်နှင့် မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်းတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ရန်တကာအောင်"(ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုက တီးခတ်၍ ပြိုင်ပွဲဝင်သည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ "မြန်ခန်းကျွန်းတွင်း"(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်လွင်ဝေယံမောင်၊ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်၊ ရှမ်းပြည်မှ မောင်ရဲဝင်းကျော်နှင့် ဧရာဝတီတိုင်းမှ မောင်ကုဋေကျော်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ "အတိုင်းမသိမင်္ဂလာ"(ဘွဲ့)သီချင်းဖြင့် မန္တလေးတိုင်းမှ မရတနာဥ၊ ရန်ကုန်တိုင်းမှ မယုမွန်အောင်၊ မန္တလေးတိုင်းမှ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၃-၁၀-၂၀၀၇ (အင်္ဂါနေ့)	ခေတ်ဟောင်း/ကာလပေါ်	အခြေခံ (၁၅-၂၀) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)
		အဆင့်မြင့် (မ)	၁၃၀၀	
	အက	အခြေခံ(၁၅-၂၀) (မ)	၀၉၀၀	မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်(ဘွဲ့နှင်း)
		အခြေခံ (၁၀-၁၅) (ကျား)	၁၃၀၀	
	ပြဇာတ်	**စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည် စစ်ကိုင်းတိုင်း**	၁၉၀၀	။
	အရေး(သီချင်းပြိုင်ပွဲဝင်)	ဝါသနာရှင် (ပ)	၀၉၀၀	စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ)
	မယ်ဒလင်	ဝါသနာရှင် (ဒု) (ကျား) (မ)	၀၉၀၀	သစ်တောသုတေသန (စုဝေးခန်းမ)
		အဆင့်မြင့် (ကျား) (မ)	၁၃၀၀	
	ပတ္တလား	ဝါသနာရှင် (ဒု) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)
		အခြေခံ (၁၅-၂၀)(ကျား)	၁၃၀၀	
	ဆိုင်း(တစ်ဦးချင်း)	ဝါသနာရှင်(ပ) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)
		အခြေခံ (၁၀-၁၅) (ကျား)	၁၃၀၀	

မြန်မာတေဇာ၊ ဝေဖြာဘုန်းတင့် ဝင့်စေသော်

(ထုတိသြဘာမင်္ဂလာကေပိုဒ်ရတု)

အောင်ဇေယျာမည်၊ မြန်ရွှေပြည်၏၊ ဝေစည်ကျော်မော်၊ နေပြည်တော်ဝယ်၊
ရွှင်ပျော်ကျင်းပ၊ ငြိမ်းသုခနှင့်၊ မြန်မာ့ဂီတ
ဆိုအကနှင့်၊ ကြွယ်ဝကုံလုံ၊ ရေးတီးစုံသား၊ ဥသုံပိုင်စွ၊
ရှုမြင်ရမည့်၊ မြန်မာ့ရိုးရာ၊ ပွဲမဟာကို၊ စဥ်လာမပျက်၊
ဦးတည်ချက်နှင့်၊ ထက်မြက်ဓိဋ္ဌာန်၊ ဇာတိမာန်ကို၊ ရှင်သန်စေရေး၊
ကြံမြော်တွေးလျက်၊ ယဥ်ကျေးမှုမွေအနှစ်၊ ထိန်းသိမ်းရစ်ရန်၊ မျိုးချစ်စိတ်ဓာတ်၊
လွန်မြင့်မြတ်လျက်၊ ထပ်ဆင့်ခါခါ၊ အနုပညာကို၊ နောင်လာနောက်သား၊
လူငယ်များက၊ လေးစားရိုသေ၊ ဘိုးဘွားမွေကို၊ ဒို့တွေစောင့်ရှောက်၊
မျိုးဂုဏ်တောက်အောင်၊ လာရောက်ယှဥ်ပြိုင်၊ ပြိုးပန်းလှိုင်ရှင့်၊ မြဲခိုင်စိတ်ထား၊
တိုင်းရင်းသားတို့၊ ပွားများမေတ္တာ၊ ချစ်ကြည်စွာဖြင့်၊ ညီညာပေါင်းစု၊
ပြည်ထောင်စုဝယ်၊ ထုတိသြဘာ၊ မင်္ဂလာနှင့်၊ ကမ္ဘာတစ်ဝန်း၊
အောင်စည်ရွှမ်းလျက်၊ မော်ကွန်းစိုက်ထူ၊ အောင်တိတ်ယူသား၊ ဇမ္ဗူတစ်လွှား၊
ပြိုင်စံရှားမည်၊ အမျိုးသားတေးသံ၊ ခြိမ့်ခြိမ့်ညံ၍၊ နိုင်ငံရင်နှစ်၊
မျိုးဆက်သစ်တို့၊ မျိုးချစ်မြန်မာ၊ ပီပြင်စွာလျှင်၊ ရိုးရာမွေနှစ်၊
မျိုးဇာစ်မြစ်ကို၊ ဖွင့်လှစ်လိုက်ပြီ၊ အောင်ရွှေစည်ရှင့်၊ သွေဖည်ဟန့်တား၊
မျိုးမာန်အားနှင့်၊ တိုင်းခြားသရုပ်ပျက်၊ ထိုးနှက်ချက်ကို၊ တိုက်ဖျက်တွန်းလှန်၊
မြစ်မကျန်အောင်၊ မျိုးမာန်ထန်ပြင်း၊ သွေးသားရင်းတို့၊ လက်ချင်းယှက်တွဲ၊
အားမာန်ဖွဲ့နှင့်၊ အောင်ပွဲခံယူ၊ အောင်လံထူသား၊ ပြည်သူအားလုံး၊
ပေါင်းစုရုံးလျက်၊ ရွှင်ပြုံးကြည်သာ၊ အောင်သြဘာနှင့်၊ ဇေယျာအောင်တိတ်၊
အောင်နိမိတ်နှင့်၊ အောင်ဟိတ်ဆင်ကာ၊
ဂုဏ်ပြုပါသည်---
မြန်မာတေဇာ၊ ဝေဖြာဘုန်းတင့် ဝင့်စေသော်၊
“သီတာ” “သာယာ” ကဗျာကုံးဆင့် ပွင့်စေသော်၊
ကမ္ဘာကျော်ညာ၊ လျှံဖြာဆုံးမြင့်၊ စွင့်စေသော်။ ။

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထား ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်းမှ မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်စဥ်။ (သတင်းစဥ်)

ပဲခူးတိုင်းမှ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များအား ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ပဲခူးတိုင်းတာဝန်ခံ)ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၂၁ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ရေဆင်း၌ ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)၏ ရှေ့ဥပစာ၌ ပဲခူးတိုင်းမှ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲဝင် အနုပညာရှင်များ ကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးခင်မောင်သန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဥ်)

❍ စာမျက်နှာ ၆ မှ

မဖူးသန့်စင်အောင်၊ ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်၊ ကရင်ပြည်နယ်မှ မသဲနုအေးနှင့် ရန်ကုန်တိုင်းမှ မဝင့်ထက်ခင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ နဲ့ပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပရာ နဲ့အကဲဖြတ် ပညာရှင်များအဖွဲ့-အဖွဲ့ခေါင်းဆောင် ဦးစဘငွေးနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် နဲ့ပြိုင်ပွဲတွင် “သီတာ သီတာ မြသား”(ကြိုး)ဖြင့် ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုးနှင့် မောင်ချမ်းလွင်မိုး၊ မန္တလေးတိုင်းမှ မောင်ရဲသူရအောင်၊ စစ်ကိုင်းတိုင်းမှ မောင်မြတ်နိုးဦးနှင့် မန္တလေးတိုင်းမှ မောင်ရန်ကျော်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် နဲ့ပြိုင်ပွဲတွင် “ဘုံဆောင်မြင့်“(ကြိုး)ဖြင့် ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒနှင့် မောင်စိုးသီဟ၊ မန္တလေးတိုင်းမှ မောင်ဟံစိုး၊ ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်နှင့် မန္တလေးတိုင်းမှ မောင်နေဇော်ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် နဲ့ပြိုင်ပွဲတွင် “ဆွတ်ဖျန်းငယ်လေး” (ကြိုး)ဖြင့် မန္တလေးတိုင်းမှ မောင်ဇော်ထွန်း(ခေါ်)စန်းပွင့်၊ မွန်ပြည်နယ်မှ မောင်ဖြိုးလျံ၊ ရန်ကုန်တိုင်းမှ မောင်နေဇော်မင်း၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်းနှင့် ရန်ကုန်တိုင်းမှမောင်ကောင်းမြတ်ဝေတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊

သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ စစ်ကိုင်းတိုင်းကိုယ်စားပြုအဖွဲ့ ယှဥ်ပြိုင်ကပြ

နေပြည်တော် အောက်တိုဘာ ၂၂

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နောက်ဆုံးနေ့အဖြစ် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဦးအိုးဝေနှင့်အဖွဲ့ ယှဥ်ပြိုင်ကပြဖျော်ဖြေတင်ဆက်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှမိသားစုများ၊နေပြည်တော်ပျဥ်းမနားခရိုင်အတွင်းရှိမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မြန်မာ့ယဥ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်းကိုယ်စားပြု ဦးအိုးဝေနှင့်အဖွဲ့က သုဝဏ္ဏသာမဇာတ်တော်ကြီးကို ယှဥ်ပြိုင်ကပြဖျော်ဖြေတင်ဆက်ရာတွင် ဒါရိုက်တာဦးအိုးဝေ၊ သုဝဏ္ဏသာမအဖြစ် ဦးချိုထွန်း၊ ဒုကူလအဖြစ် ဦးအောင်ဖြိုးဟိန်း၊ ပါရိကာ အဖြစ် ဒေါ်ဇင်မာအောင်၊ ပီဠိယက္ခမင်းအဖြစ် ဦးမျိုးသူ၊ သိကြားမင်း အဖြစ်ဦးအောင်သန်းဌေး၊ ဗဟုသုန္ဒြီ နတ်သမီးအဖြစ် ဒေါ်ဝိုင်းဝိုင်းလည်နှင့် ဇာတ်ပို့ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဝိုင်းတော်တီး ရွာစားစိန်ကျည်ဆံဆိုင်းဝိုင်းနှင့်တွဲဖက်လျက် ဘုရားကန်တော့ခန်း၊ အပျိုတော်ခန်း၊ ဗြဟ္မာမင်းနှစ်ပါးက ဒုကူလနှင့်ပါရိကာမွေးဖွားကြောင်းနှင့် ကိလေသာညည်းငွေ့ကြောင်းပြောခန်း၊ ဒုကူလနှင့်ပါရိကာတို့၏ မင်္ဂလာပွဲသို့သွားရန် တံငါသည်များ တိုင်ပင်ခန်း၊ ဒုကူလနှင့်ပါရိကာ မင်္ဂလာမြိုင်ထခန်း၊ နှစ်ပါးသွားခန်း၊ ဒုကူလနှင့် ပါရိကာ တောထွက်ရန် ခွင့်ပန်ခန်း၊ တောထွက်ခြင်းနှင့် ကျောင်းသင်္ခမ်းဖန်ဆင်းခန်း၊ ရသေ့ရဟန်းပြုခန်း၊ သိကြားမင်းညီလာခံကျင်းပခန်း၊ သားပုတ္တရရန်သိကြားမင်း အကြံပေးခြင်းနှင့် ပုတ္တရစေခန်း၊ သုဝဏ္ဏသာမမွေးဖွားပြီး ကြီးပြင်းခန်း၊ ဒုကူလနှင့် ပါရိကာ သစ်သီးရှာထွက်ခန်း၊ ဒုကူလနှင့် ပါရိကာ စက္ခုနှစ်ကွင်းကွယ်ခန်း၊ ပီဠိယက္ခမင်းညီလာခံခန်း၊ သုဝဏ္ဏသာမ မိဘနှစ်ပါးအား ကျွေးမွေးပြုစုခန်း၊ ပီဠိယက္ခမင်း တောကစားထွက်ခန်း၊ သုဝဏ္ဏသာမ ရေခပ်ဆင်းခန်းနှင့် မြားမှန်ခန်း၊ ပီဠိယက္ခမင်း ဒုကူလနှင့်ပါရိကာထံသားအဖြစ်ခံယူ၍ အလုပ်အကျွေးပြုရန်ခွင့်ပန်ခြင်းနှင့် ဒုကူလနှင့်ပါရိကာက သုဝဏ္ဏသာမရှိရာ သို့ သွားရောက်ခန်း၊ သစ္စာဆိုခန်း၊ ဒုကူလနှင့်ပါရိကာ စက္ခုနှစ်ကွင်း အလင်းပြန်ရခြင်းနှင့် သုဝဏ္ဏသာမ အသက်ပြန်ရှင်ခန်းနှင့် သုဝဏ္ဏသာမက ပီဠိယက္ခမင်းအား တရားဟောခန်းတို့ဖြင့် ဇာတ်ကွင်းဇာတ်ကွက် စုံလင်စွာ မြိုင်မြိုင်ဆိုင်ဆိုင် ယှဥ်ပြိုင်ကပြဖျော်ဖြေတင်ဆက်သည်။

(သတင်းစဥ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဥ်	ရက်စွဲ	ယှဥ်ပြိုင်မည့်တိုင်း
၁။	၂၄-၁၀-၂၀၀၇	ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံအဖွဲ့
၂။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း ရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပြဇာတ်

စဥ်	ရက်စွဲ	ယှဥ်ပြိုင်မည့်တိုင်း
၁။	၂၃-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း
၂။	၂၄-၁၀-၂၀၀၇	မန္တလေးတိုင်း
၃။	၂၅-၁၀-၂၀၀၇	ရန်ကုန်တိုင်း
၄။	၂၇-၁၀-၂၀၀၇	ပဲခူးတိုင်း
၅။	၂၈-၁၀-၂၀၀၇	ဧရာဝတီတိုင်း

အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဥ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဥ်

၂၃-၁၀-၂၀၀၇ (အင်္ဂါနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဥ်
၇း၀၅-၁း၀၅	“ငါမဖြုတ်၊လုပ်သမျှဒုက္ခချည်းပဲ”တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀-၁း၅၀	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၈း၀၀-၂း၀၀	တေးဂီတအစီအစဥ်
၈း၀၅-၂း၀၅	Sunday Talk
၈း၄၅-၂း၄၅	တေးဂီတအစီအစဥ်
၈း၅၀-၂း၅၀	ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်
၉း၀၀း၃း၀၀	တေးဂီတအစီအစဥ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဥ်း
၉း၁၅-၃း၁၅	ရင်ငွေ့လုံ့အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီခြင်းအား ရည်စူးပူဇော်ခြင်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဥ်
၉း၃၀-၃း၃၀	နိုင်ငံတကာသတင်းအကျဥ်း
၉း၃၅-၃း၃၅	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း(ပျားနို့ထုတ်လုပ်ခြင်း)
၉း၅၅-၃း၅၅	တေးဂီတအစီအစဥ်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ဘဝရုပ်ဝန်းထဲသို့သပ်ရပ်စွာသက်ဆင်းလာသောဘာသာရပ်များ
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဥ်
၁၀း၅၀-၄း၅၀	ချောင်းကမ်းဘေးကရွာကလေး (နွဲ့နွဲ့စန်း၊ထင်ပေါ်၊တြီကို၊သဇင်) (ဒါရိုက်တာ-မြင့်စိုး-ဝ/သရန်ကုန်)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဥ်း
၁၁း၁၀-၅း၁၀	ဂီတသံစဥ်အလှဆင်(တင်တင်မြ)
၁၀း၃၀-၅း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး “ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း”
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဥ်း
၁၁း၄၅-၅း၄၅	Music Gallery (အချစ်သီချင်းများစုစည်းမှု)
၁၂း၁၀-၆း၁၀	အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဥ်
၁၂း၂၅-၆း၂၅	Road to SEA Games (တိုက်ကွမ်ဒို)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဥ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဥ်များ

ညပိုင်း	ပွဲစဥ်	ပြသမည့်လိုင်း
၁၀း၅၅	CSKA Moscow-Inter Milan	ESPN(Live)
၁း၀၀	Dynamo Kyiv-Man Utd	ESPN(Live)
	Rangers-Barcelona	Star Spors(Live)
၃း၃၀	Arsenal-Salvia Prague	ESPN(SDD)

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါဖြိုးကွန့် အစွန့်ရှည်စွာတည်စေသော် (၁)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းတောက်ရာ အချက်အချာနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားပေသည်။ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၅ ဒသမ ၅၁ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူ(မွတ်စလင်) ၃ ဒသမ ၆၈ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၀ ဒသမ၇၀ရာခိုင်နှုန်း၊ ရိုးရာနတ်ကိုးကွယ်သူ ၀ ဒသမ ၅၂ ရာခိုင်နှုန်း၊ အခြားဘာသာကိုးကွယ်သူ ၀ ဒသမ ၁၂ရာခိုင်နှုန်းရှိသည်။

ဘာသာရေးလွတ်လပ်မှု

၂၀၀၆ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံတစ်ဝန်းတွင် ဘုန်းတော်ကြီးကျောင်း၆၃၂၉၇ကျောင်း၊သီလရှင်ကျောင်း ၃၃၆၉ကျောင်းရှိပြီး ရဟန်းသံဃာပေါင်း ၂၄၆၆၆၃ ပါး၊ သာမဏေပေါင်း ၂၉၉၀၇၇ ပါး နှင့် သီလရှင် ၄၃၄၈၀ရှိသည်။ စုစုပေါင်း ရဟန်းသံဃာ(သာမဏေ အပါအဝင်) ငါးသိန်းကျော်ရှိပါသည်။

မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ၆၃၁၈၊ အစ္စလာမ်ဘာသာဝင်တို့ ဝတ်ပြုရာ ဗလီ ၂၇၅၁၊ ဟိန္ဒူဘာသာဝင်တို့၏ ဘုရားရှိခိုးကျောင်း ၇၈၇ ရှိသည်။ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေး အဖွဲ့များသို့ အစိုးရက နှစ်စဉ်ထောက်ပံ့ငွေပေးသည်။ သာသနာရေးကိစ္စများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဘာသာရေး ခေါင်းဆောင်ကြီးများအား နှစ်စဉ်ရထား၊ သင်္ဘော အခမဲ့ယာဉ်စီးခွင့် လက်မှတ်များ ပေးထားသည်။ ပြည်ပသို့ ဘာသာရေးအစည်းအဝေး တက်ရန်၊ ဘုရားဖူးသွားရန်လည်း ကူညီပံ့ပိုးသည်။ မိမိတို့ဘာသာ၊ သာသနာဆိုင်ရာစာအုပ်၊ စာတမ်းများထုတ်ဝေရန် ကူညီပေးသည်။

မြန်မာနိုင်ငံတွင် တရုတ်လူမျိုးများ၏ ဘုံကျောင်း၊ ဘုရားကျောင်းပေါင်း ၁၅၁ ကျောင်းရှိသည်။ အစဉ်အလာ ရိုးရာနတ်ကိုးကွယ်သူများဖြစ်သည့် တိုင်းရင်းသားဒေသများသို့ အစိုးရက နှစ်စဉ်ငွေကြေးထောက်ပံ့သည်။ ကိုးကွယ်သူဦးရေမများလှသော ဘဟာအီ ဆစ်(ခ်)လိုင်ပီဟန်ပေါ့-ကျင့်ဟော့ စသည့် ဘာသာများလည်းရှိသည်။ ဘာသာအသီးသီး၏ ဘာသာရေးပွဲတော် အခမ်းအနားများသို့ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကာ ယင်းဘာသာဝင်တို့နှင့်အတူ ပါဝင်ဆင်နွှဲသည်။

ယနေ့ အာရှ၊ အာဖရိက စသည့်တိုက်ကြီးများမှ နိုင်ငံအချို့တွင် ဘာသာရေး၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားသော သတင်းများ မကြာခဏ ကြားမြင်သိနေကြရသည်။ ခရူးဆိတ်ခေါ် ခရစ်ယာန်ဘာသာရေး စစ်ပွဲများ၊ ဂျီဟဒ်ခေါ် အစ္စလာမ်ဘာသာရေးစစ်ပွဲများသည်လည်း ကမ္ဘာ့သမိုင်းတစ်လျှောက်(ယနေ့တိုင်) ဖြစ်ပွားနေပေသည်။ မြန်မာနိုင်ငံတွင် မြန်မာတို့၏ စိတ်ရင်း၊ ဘာသာတရား၏ အဆုံးအမ၊ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုတို့ကြောင့် မေတ္တာတရား၊ မေတ္တာဓာတ်လွှမ်းပတ်ထားသဖြင့် ပြည်တွင်း ပြည်ပ သွေးထိုး၊သပ်လျှို၊ ရန်တိုက်ပေးမှုများရှိသည့်တိုင် ဘာသာတရားအားလုံး လွတ်လပ်စိတ်ချမ်းမြေ့စွာ မိမိတို့ ယုံကြည်ရာ ဘာသာကို စိတ်ဖြောင့်လက်ဖြောင့် ကိုးကွယ်နိုင်လျက်ရှိကြသည်။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့ပြီး မကြာမီ ရေးဆွဲပေါ်ထွန်းလာတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်ဝစုံလင်စွာ ပါရှိပေသည်။ နိုင်ငံတော် အခြေခံ မူကြီးများနှင့် နိုင်ငံသား မူလ အခွင့်အရေးဆိုင်ရာ အသေးစိတ်အခြေခံ ရမည့်မူများတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် အခိုင်အမာ အာမခံ ပေးအပ်ထားလေသည်။

စေတီပုထိုးတိုင်းပြည်

နိုင်ငံသားဦးရေ ၁၀၀ လျှင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၉၀ ရှိနေသော မြန်မာနိုင်ငံတွင် ဗုဒ္ဓရုပ်ပွားဆင်းတု ကုဋေကုဋာ(နေအိမ် ဘုရားစင်မှ ဆင်းတုတော်များ အပါအဝင်)၊ စေတီပုထိုး လက်ညှိုးထိုး မလွဲ၊ ကျောင်းကန်ဘုရား၊ သိမ်ဇရပ် သိန်းချီရှိနေပေသည်။ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာတို့၏ ဗုဒ္ဓအနုပညာဟုဆိုအပ်သော ပုထိုးစေတီ စသည့် သာသနိက အဆောက်အအုံများကို အနုပညာအရည်အချင်းနှင့် ကြည်ညိုမှုသဒ္ဓါစိတ်တို့ပေါင်းစပ်တည်ဆောက် တည်ထားရင်း ဗိသုကာ ပညာရပ်၊ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းထိမ်၊ ပန်းဘဲ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းရံ၊ ပန်းယွန်းကဲ့သို့သော ပန်း ၁၀ မျိုး အနု(အတတ်) ပညာများ တိုးတက်လာခဲ့ပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေခံ သာသနာထွန်းကားရာ စံပြမြေသည် မြန်မာဗုဒ္ဓဘာသာဝင်များ အတွက်သာမက ကမ္ဘာ့နိုင်ငံစုံမှ ဗုဒ္ဓဘာသာဝင်များ မပြတ်လာရောက် ဖူးမြော်ရသော၊ ကမ္ဘာ့သုတေသီများ လာရောက်လေ့လာအံ့သြချီးကျူးကြရသော ဒေသဖြစ်သည်။ ယနေ့ပုဂံတွင် ရှေးဟောင်းအမွေကို ဆက်လက် ထိန်းသိမ်းပြုပြင်မွမ်းမံလျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားများ၊ ဘုရားဖူးများ ပြည့်လျှမ်းလျက်ရှိသည်။ ရန်ကုန်ရွှေတိဂုံစေတီတော်ကြီးမှ ဗုဒ္ဓအနုပညာလက်ရာများသည်လည်း လေ့လာ၍ မကုန်နိုင်၊ ဗုဒ္ဓ၏မွေသရီဆံတော်၊ ဓာတ်တော်များ ကိန်းဝပ်ရာ မဟာစေတီတော်ကြီးဖြစ်၍ ကြည်ညိုကော်ရော်ဖူးမြော်ဦးခိုက်၍ မဝနိုင်ကြပေ။ မြန်မာနိုင်ငံကို စေတီပုထိုးတိုင်းပြည် (Pagoda Land) ဟုပင် တင်စားကြသည်။

ရွှေတိဂုံစေတီတော်ကို နေ၊ လေ၊ မိုး၊ ငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့သမျှ သာသနာပြုမြန်မာမင်းများနှင့် ပြည်သူတို့ ပြုပြင်ခဲ့ပေသည်။ ၁၉၉၉ခုနှစ်က ကာလရှည်ကြာ၍ ယိုယွင်းလာသော ရွှေတိဂုံထီးတော်ကို အသစ် လဲလှယ်တင်လှူခဲ့ရာ အစိုးရနှင့် ပြည်သူတကာတို့ ကြည်ဖြူသဒ္ဓါပြည့်မောက်၍ ထီးတော်သစ်ရတနာအပြည့်ဖြင့် တင်လှူပြီးမြောက်ခဲ့သည်။ မိမိတို့ကိုယ်တွင် ဝတ်ဆင်ထားသော ရွှေငွေစိန်ကျောက် လက်ဝတ်ရတနာများကို ချွတ်ပြီး ထီးတော်၌ ရွှေနန်းကြိုးဖြင့်သီကာ သီလှူထားပုံမှာ မြန်မာတို့၏သဒ္ဓါဆည်ကြီး ကျိုးပေါက်သည့်အလား မြင်ရသူတိုင်း ကုသိုလ်စိတ်ပွားခဲ့ကြရသည်။

နိုင်ငံအနှံ့၊ ရန်ကုန်-မန္တလေးအနှံ့ တည်ထားကြသော ဘုရားစုံလှည့်လည်ဖူးမြော်သော ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားဖူးယာဉ်များသည် ပြည်ထောင်စုတစ်ဝန်း စဉ်ဆက်မပြတ်၊ မရပ်မနား မောင်းနှင်လျက်ရှိနေသည်မှာ မြန်မာနိုင်ငံ၏ ထူးခြားသော ဝိသေသဖြစ်ပေသည်။ ရွှေတိဂုံထီးတော်သစ်တင်လှူရာသို့ ၃၁-၃-၁၉၉၉ရက်နေ့အထိ လှူဒါန်းကြသောငွေမှာ ကျပ်သိန်းပေါင်း ၅၅၆၅ သိန်းကျော်၊ ရွှေ ၆၉ပိဿာ ၄၀ကျပ်သားဖြစ်သည်။ ဂေါပကအဖွဲ့သို့လှူသော ငွေကျပ် ၁၆၅၉သိန်းပါပေါင်းလျှင် ငွေကျပ် ၇၃၄၈ သိန်းကျော်ခဲ့သည်။ထီးတော်သစ်နှင့် စေတီတော်ကို ကပ်လှူသော ရွှေသင်္ကန်း၌ (ရွှေအလေးချိန်) ၈၄၂ပိဿာ ၆၃ကျပ်သား၊ ရတနာပစ္စည်း ၆၇၈၆၈မျိုး၏ အလေးချိန် ၅၃၉ပိဿာ ၄၀ကျပ်သားရှိလေသည်။ ကမ္ဘာက လက်ဖျားခါ ရင်သပ်ရှုမောဖြစ်ရသော မြန်မာဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားမှာ စံချိန်တင်နိုင်ခဲ့ပေသည်။ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့ပြီး မကြာမီရေးဆွဲပေါ်ထွန်းလာတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်ဝစုံလင်စွာပါရှိပေသည်။ နိုင်ငံတော် အခြေခံ မူကြီးများနှင့် နိုင်ငံသား မူလအခွင့်အရေးဆိုင်ရာ အသေးစိတ်အခြေခံ ရမည့်မူများတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် အခိုင်အမာ အာမခံပေးအပ်ထားလေသည်။ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းက ကိုးကွယ်သည့် ဗုဒ္ဓဘာသာကိုလည်း ထူးခြားသော၊ ဝိသေသလက္ခဏာပြည့်ဝသော ဘာသာအဖြစ် အသိအမှတ်ပြုထားပေသည်။

ဖိုးရေချမ်း

ပရိယတ္တိသာသနာ

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် ပရိယတ္တိသာသနာတော် ထွန်းကား ပြန့်ပွားစေရေး အလို့ငှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သြဝါဒခံယူပြီး သာသနာရေးဝန်ကြီးဌာနက ပရိယတ္တိစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပေးလျက်ရှိသည်-

- **တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီလ)**
- **ဓမ္မာစရိယစာမေးပွဲ (နှစ်စဉ် မတ်လ)**
- **ပထမပြန်စာမေးပွဲ (နှစ်စဉ် မတ်လ)**
- **နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ (နှစ်စဉ် ဇွန်လ)**
- **အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ (နှစ်စဉ် ဒီဇင်ဘာလ)**
- **အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ (နှစ်စဉ် မေလ)**

တို့ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ရက်ပေါင်း ၃၃ရက်တိုင် အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေစာမေးပွဲဟူ၍ နှစ်ပိုင်းခွဲ ကျင်းပသည်။ ကျမ်းစာတစ်အုပ်လျှင် သုံးရက် စသည့် သတ်မှတ်ထားသည့် အတိုင်း အာဂုံပြန်ဆိုရပြီး ပိဋကတ်သုံးပုံ သင်ရိုးကျမ်းစာအုပ်ရေ ၂၀ (ဆဋ္ဌသင်္ဂါယနာမူ) စာမျက်နှာပေါင်း ၈၀၂၅မျက်နှာကို အထစ်အငေါ့မရှိ အာဂုံပြန်ဆိုပြီးစီးခါမှ တိပိဋကဓရ ဘွဲ့တံဆိပ်ရရှိသည်။

အာဂုံပြန်ဆိုအောင်မြင်သော ပုဂ္ဂိုလ်များအား သဘောရေးဖြေစာမေးပွဲဖြေဆိုစေရာ ပါဠိတော် အနက်အဓိပ္ပာယ်တို့ကို ကျမ်းကျင်နှံ့စပ်စွာ မေးခွန်းမေးမြန်း၍ ဖြေဆိုစေသည်။ **ပိဋကတ်သုံးပုံရေးဖြေပြီးဆုံး အောင်မြင်ပါက တိပိဋကကောဝိဒဘွဲ့ကို ဆက်လက်၍ ကပ်လှူအပ်နှင်းသည်။ တိပိဋကကောဝိဒ အောင်မြင်တော်မူကြသော ဆရာတော်များအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်ပစ္စည်းများ၊ လစဉ် ဆွမ်းဆန်တော်၊ ငွေများနှင့် ရာသက်ပန်သုံးစွဲနိုင်သော ကုန်း၊ ရေ၊ လေအခမဲ့ ယာဉ်စီးခွင့်အထက်တန်း လက်မှတ်တို့ကိုပါ ဆက်ကပ်သည်။ ယင်းစာမေးပွဲကြီးမှာ သာမန်ဝီရိယအား၊ ဉာဏ်အား၊ ကျန်းမာရေးအားနှင့် ပြီးဆုံးအောင် ဖြေဆိုအောင်မြင်နိုင်သည် မဟုတ်ပေ။**

တိပိဋကဓရ ရွေးချယ်ပွဲကို ပထမအကြိမ်အဖြစ် ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာမှ (၅၈)ကြိမ်အထိ (၅၈)နှစ်အတွင်း တိပိဋကဓရ ဆရာတော် ၁၁ ပါး ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

(၁) ၁၃၁၅ခုနှစ် (ဆဋ္ဌမအကြိမ်)တွင် အရှင်ဝိစိတ္တသာရာဘိဝံသ၊ ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့ (၁၉၅၃ခုနှစ်)

(၂) ၁၃၂၁ခုနှစ် (၁၂ကြိမ်မြောက်)တွင် အရှင်နေမိန္ဒ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ (၁၉၅၉ခုနှစ်)

(၃) ၁၃၂၅ ခုနှစ် (၁၆ကြိမ်မြောက်)တွင် အရှင်ကောသလ္လ၊ ပွင့်လှ သိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့ (၁၉၆၃ခုနှစ်)

(၄) ၁၃၃၅ခုနှစ် (၂၆ကြိမ်မြောက်)တွင် အရှင်သုမင်္ဂလာလင်္ကာရ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် (၁၉၇၃ခုနှစ်)

(၅) ၁၃၄၆ခုနှစ် (၃၇ကြိမ်မြောက်)တွင် အရှင်သီရိန္ဒာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်(၁၉၈၄ခုနှစ်)

(၆) ၁၃၅၆ခုနှစ် (၄၇ကြိမ်မြောက်)တွင် အရှင်ဝါယာမိန္ဒာဘိဝံသ၊ တိပိဋကနိကာယကျောင်းတိုက်၊ ရန်ကုန်တိုင်း (၁၉၉၅ခုနှစ်)

(၇) ၁၃၆၁ခုနှစ် (၅၂ကြိမ်မြောက်)တွင် အရှင်ဝံသပါလာလင်္ကာရ၊ မင်းကွန်းမိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယကျောင်း၊ စစ်ကိုင်း (၂၀၀၀ပြည့်နှစ်)

(၈) ၁၃၆၁ခုနှစ် (၅၂ကြိမ်မြောက်)တွင် အရှင်သီလက္ခန္ဓာဘိဝံသ၊ မင်းကွန်းမိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယကျောင်း၊ စစ်ကိုင်း (၂၀၀၀ပြည့်နှစ်)

(၉) ၁၃၆၂ခုနှစ် (၅၃ကြိမ်မြောက်)တွင် အရှင်ဂန္ဓမာလာလင်္ကာရ၊

ပ် (၁)

ရေးအတွက် ဆောင်ရွက်
နှ့်ပွားစေရေး အလို့ငှာ
ခံယူပြီး သာသနာရေး
ပါအတိုင်း ကျင်းပပေး

ယ်ရေးစာမေးပွဲ (နှစ်စဉ်

)

စ်စဉ် ဇွန်လ)
စ်စဉ် ဒီဇင်ဘာလ)
ပွဲ (နှစ်စဉ် မေလ)

ဝိဒ

က်ပေါင်း ၃၃ရက်တိုင်
စ်ပိုင်းခွဲ ကျင်းပသည်။
တ်ထားသည့် အတိုင်း
စာအုပ်ရေ ၂၀ (ဆဋ္ဌ
ကို အထစ်အငေါ့မရှိ
ရရှိသည်။
အား သဘောရေးဖြေ
တို့ကို ကျွမ်းကျင်နှံ့စပ်စွာ
တ်သုံးပုံရေးဖြေပြီးဆုံး
က်၍ ကပ်လှူအပ်နှင်း
ာ ဆရာတော်များအား
ျား၊ လစဉ် ဆွမ်းဆန်
ကုန်း၊ ရေ၊ လေအခမဲ့
ဆက်ကပ်သည်။ ယင်း
၊ ကျန်းမာရေးအားနှင့်
တ်ပေ။
ဖြစ် ၁၃၁၀ ပြည့်နှစ်
ခဲ့ရာမှ (၅၈)ကြိမ်အထိ
၀ ပါး ပေါ်ထွန်းခဲ့ပြီ

ရှင်ဝိစိတ္တသာရာဘိဝံသ၊
ကိုင်းမြို့ (၁၉၅၃ခုနှစ်)
ှင်နေမိန္ဒ၊ မဟာဝိသုတာ
)
 အရှင်ကောသလ္လ၊
ည်မြို့ (၁၉၆၃ခုနှစ်)
ရှင်သုမင်္ဂလာလင်္ကာရ၊
စ်၊ ဗဟန်းမြို့နယ်

 အရှင်သီရိန္ဒာဘိဝံသ၊
န်းမြို့နယ်(၁၉၈၄ခုနှစ်)
ရှင်ဝါယာမိန္ဒာဘိဝံသ၊
ကုန်တိုင်း (၁၉၉၅ခုနှစ်)
ရှင်ဝံသပါလာလင်္ကာရ၊
ာ နိကာယကျောင်း၊

ရှင်သီလက္ခန္ဓာဘိဝံသ၊
ာ နိကာယကျောင်း၊

ရှင်ဂန္ဓမာလာလင်္ကာရ၊

ပိဋကတ်သုံးပုံ ရေးဖြေပြီးဆုံးအောင်မြင်ပါက တိပိဋကကောဝိဒဘွဲ့ကို ဆက်လက်၍ ကပ်လှူအပ်နှင်းသည်။ တိပိဋကကောဝိဒ အောင်မြင်တော်မူကြသော ဆရာတော်များအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်ပစ္စည်းများ၊ လစဉ် ဆွမ်းဆန်တော်၊ ငွေများနှင့် ရာသက်ပန်သုံးစွဲနိုင်သော ကုန်း၊ ရေ၊ လေ အခမဲ့ယာဉ်စီးခွင့်အထက်တန်းလက်မှတ်တို့ကိုပါ ဆက်ကပ်သည်။ ယင်းစာမေးပွဲကြီးမှာ သာမန်ဝီရိယအား၊ ဉာဏ်အား၊ ကျန်းမာရေးအားနှင့် ပြီးဆုံးအောင် ဖြေဆိုအောင်မြင်နိုင်သည် မဟုတ်ပေ။

တိပိဋကဓရ ရွေးချယ်ပွဲကို ပထမအကြိမ်အဖြစ် ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာမှ (၅၈)ကြိမ်အထိ (၅၈)နှစ်အတွင်း တိပိဋကဓရ ဆရာတော် ၁၁ ပါး ပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။

တိပိဋကကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် (၂၀၀၁ခုနှစ်)

(၁၀) ၁၃၆၅ခုနှစ် (၅၆ကြိမ်မြောက်)တွင် အရှင်သုန္ဒရ၊ စွန်းလွန်းဂူဝိပဿနာကျောင်း၊ သဃ်န်းကျွန်း၊ ရန်ကုန် (၂၀၀၄ခုနှစ်)

(၁၁) ၁၃၆၅ခုနှစ်(၅၆ကြိမ်မြောက်)တွင် အရှင်ဣန္ဒပါလ၊ မင်းကွန်း မိုးမိတ်ကုန်းမြေ၊ တိပိဋက နိကာယ ကျောင်းတိုက်၊ စစ်ကိုင်း (၂၀၀၄ခုနှစ်)

သာသနာတော်ဘွဲ့တံဆိပ်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များကို အစဉ်အလာအတိုင်း ဆက်ကပ်ခဲ့ရာမှ ၁၉၉၂ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အမျိုးပေါင်း ၂၀ကို အသစ်ထပ်မံ တီထွင်ပြဋ္ဌာန်း၍ ရဟန်းပုဂ္ဂိုလ်များသာမက သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဥပါသကာ၊ ဥပါသိကာ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်၂၂မျိုးကို နှစ်စဉ် ဇန်နဝါရီလ ၄ရက်နေ့ မြန်မာ့လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာ ထုတ်ပြန် ဆက်ကပ်အပ်နှင်းခဲ့သည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ နှစ်စဉ် တပေါင်းလ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယခုအခါ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် စုစုပေါင်း ၂၂မျိုး ဆက်ကပ်အပ်နှင်းလျက်ရှိသည်။ ယင်းဘွဲ့တံဆိပ်တော်များမှာ–

(၁) အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့
(၂) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့
(၃) တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့
(၄) အဂ္ဂမဟာပဏ္ဍိတဘွဲ့
(၅) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့
(၆) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့
(၇) မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့
(၈) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့
(၉) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့
(၁၀) မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့
(၁၁) မဟာကမ္မဋ္ဌာနာစရိယဘွဲ့
(၁၂) ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့
(၁၃) ဂန္ထဝါစကပဏ္ဍိတဘွဲ့
(၁၄) သဒ္ဓမ္မဇောတိကဓဇဘွဲ့
(၁၅) ကမ္မဋ္ဌာနာစရိယဘွဲ့
(၁၆) အဂ္ဂမဟာသီရိသုဓမ္မသီဟိဂီဘွဲ့
(၁၇) သီရိသုဓမ္မမဏိဇောတဓရဘွဲ့
(၁၈) သီရိသုဓမ္မသီဟိဂီဘွဲ့၊
(၁၉) သီဟသုဓမ္မမဏိဇောတဓရဘွဲ့၊
(၂၀) သီဟသုဓမ္မသီဟိဂီဘွဲ့၊
(၂၁) သုဓမ္မမဏိဇောတဓရဘွဲ့
(၂၂) သုဓမ္မသီဟိဂီဘွဲ့ တို့ဖြစ်သည်။

ပရိယတ္တိသာသနာ့တက္ကသိုလ်

၁၉၈၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပသော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက ဂန္ထဓုရဖြစ်သော ပရိယတ္တိစာပေသင်ကြားရေးနှင့်စပ်လျဉ်း၍ အောက်ပါမူလေးရပ်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းပေးခဲ့သည်–

(က) အကျင့်သိက္ခာမြင့်မားစေခြင်း
(ခ) ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း
(ဂ) ပါဠိဘာသာတတ်မြောက်ကျွမ်းကျင်စေခြင်း
(ဃ) မြန်မာစာပေအရေးအသားတော်စေခြင်း

အထက်ပါမူလေးရပ်နှင့်အညီ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ၂၃–၆–၁၉၈၆ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ၂၁–၈–၁၉၈၆ ရက်နေ့တွင်လည်းကောင်း စတင်ဖွင့်လှစ်သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၌

၁။ သာသနတက္ကသီလဓမ္မာစရိယတန်း
(သင်တန်းကာလ–လေးနှစ်)
၂။ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း
(သင်တန်းကာလ–နှစ်နှစ်) ဟူ၍ နှစ်မျိုးဖွင့်သည်။

မြန်မာတစ်နိုင်ငံလုံးရှိ ဆင်းရဲချို့တဲ့သောကလေးများ ပညာသင်ကြားနိုင်ရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၀၇ ခုနှစ်အစတွင် အောက်ပါအတိုင်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။

မြို့နယ်ပေါင်း ၂၄၈ မြို့နယ်
ကျောင်းပေါင်း ၁၃၁၃ ကျောင်း
ကျောင်းသား၊ ကျောင်းသူ ၂၂၂၇၄၂ ဦး

အလားတူ သီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းများ ဖွင့်လှစ်ခဲ့ရာ တစ်ပြည်လုံးတွင် ကျောင်းပေါင်း ၂၄ ကျောင်းရှိ၍ ပညာသင် ၃၇၀၉ဦး သင်ကြားလျက်ရှိသည်။

သာသနာပြုလုပ်ငန်း

၁၉၉၁ခုနှစ်မှစပြီး ပြည်နယ်၊ တိုင်းများတွင် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များ၌သာသနာပြုလုပ်ငန်းများ ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ ဖွင့်လှစ်ခဲ့ရာ ၂၀၀၇ ခုနှစ် နှစ်စတွင် သာသနာပြုပုဂ္ဂိုလ်များ၏အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

သာသနာပြုဋ္ဌာန ၄၈၁ ဌာန
သာသနာပြုရဟန်းတော် ၅၇၉ ပါး
သာသနာပြုသီလရှင် ၃၅ ပါး

ပြည်နယ်နှင့် တိုင်း အသီးသီး၌ သာသနာပြုရဟန်းတော်သင်တန်း (၁၇)ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်း ရဟန်းတော် ၁၁၃၆ ပါး ရှိပြီဖြစ်သည်။ သာသနာပြုလူပုဂ္ဂိုလ်သင်တန်း (၄၅)ကြိမ် ဖွင့်လှစ်ခဲ့ရာ ၃၆၄၅ ဦး သင်တန်းဆင်းပြီးဖြစ်သည်။

သာသနာပြုတက္ကသိုလ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ အစည်းအဝေးအမှတ်စဉ် (၂၂/၉၈)အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို အရာထမ်းရာထူး ၃၂၇နေရာ၊ အမှုထမ်းရာထူး ၄၂၆နေရာ စုစုပေါင်း ရာထူး ၇၅၃နေရာ ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းစတင်သော နှစ်မှာ ၁၉၉၈ခုနှစ်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ရည်ရွယ်ချက်များမှာ–

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်း ပြန့်ပွားစေရန်၊
(ခ) သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊
(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်များကိုရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်များကို ဖြည့်ဆည်းကျင့်သုံးနိုင်စေရန်၊
(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ဗြဟ္မစိုရ်တရားထွန်းကားရန်နှင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီးဖြစ်လာနိုင်စေရန်၊
(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေကျွမ်းကျင်နှံ့စပ်စေရန်၊ ပဋိပတ္တိဆိုင်ရာ အကျင့်သီလ ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားစေရန်၊

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေစွယ်တော်မြတ်စေတီတော်အနီးတွင် တည်ထောင်ဖွင့်လှစ်ထားသည်။၁၉၉၈–၉၉ ပညာသင်နှစ်ကို ဗုဒ္ဓဓမ္မ ဒီပလိုမာသင်တန်းဖြင့်စတင်ဖွင့်လှစ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ သင်တန်းသားများတက်ရောက်ကြသည်။ တက္ကသိုလ်ဖွင့်ပွဲကို ၉–၁၂–၁၉၉၈ရက်နေ့တွင် ကျင်းပခဲ့သည်။

တက္ကသိုလ်တွင် သင်ကြားရေး မဟာဌာနကြီးလေးခုရှိသည်။ (၁)ပရိယတ္တိမဟာဌာန၊ (၂)ပဋိပတ္တိမဟာဌာန၊ (၃)ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြုဌာန၊ (၄) နိုင်ငံခြားဘာသာများ သင်ကြားရေးနှင့် ဘာသာပြန်မဟာဌာနတို့ဖြစ်သည်။ ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မာ၊ ဗုဒ္ဓယဉ်ကျေးမှုနှင့်သမိုင်း၊ ပါဠိ၊ မြန်မာစာ၊ ဓမ္မာနုလောမ၊ သမထ၊ ဝိပဿနာ၊ ကိုးကွယ်မှုဘာသာကြီးများ နှိုင်းယှဉ်ချက်၊ သာသနာပြုနည်း၊ သုတေသနပြုနည်းနှင့် အင်္ဂလိပ်ဘာသာတို့ သင်ကြားပို့ချသည်။

၂၀၀၀–၂၀၀၁ ပညာသင်နှစ်မှစပြီး ပြည်တွင်း၊ ပြည်ပမှပညာသင်များကို သင်ကြားပို့ချခဲ့ရာ နိုင်ငံပေါင်း၂၀ကျော်မှ ရဟန်းသံဃာများ၊ သီလရှင်များ၊အမျိုးသား၊အမျိုးသမီးများ ရာနှင့်ချီ တက်ရောက်ခဲ့ကြသည်။၂၀၀၁–၂၀၀၂ပညာသင်နှစ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၄–၆–၂၀၀၂ရက်နေ့တွင် ကျင်းပခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးသည် ရဟန်းရှင်လူ သာသနာပြုပုဂ္ဂိုလ်များစွာကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိနေပေသည်။

ပိဋကတ်တော်ဘာသာပြန်

မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာများ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ရောက်ရှိထွန်းကားစေရန် ရည်ရွယ်၍ ပိဋကတ်ဘာသာပြန်စာတည်း အဖွဲ့ဝင်များက ပိဋကတ်တော်များကို ကမ္ဘာ့အများသုံး ဘာသာစကားတစ်ခုဖြစ်သော အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သည်။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်(နိကာယ်ငါးရပ်စာအုပ်) ၁၆အုပ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၃၈ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဘာသာအခြေခံရှေးဦးသင်ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)စာအုပ်များကို အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့်လည်းကောင်း၊ ငါးပါးသီလ၊ ဗုဒ္ဓဝင်အကျဉ်း၊ ၃၈ဖြာမင်္ဂလာရပ်စုံများကို ကချင်ဘာသာဖြင့် လည်းကောင်း၊ ဗုဒ္ဓဘာသာတရားတော်(အခြေခံအဆင့်)စာအုပ်ကို ကရင်ဘာသာ၊ ချင်းဘာသာ၊ ကယားဘာသာ၊ ‘ဝ’ဘာသာ၊ ရှမ်းဘာသာတို့ဖြင့်လည်းကောင်း ပြန်ဆိုပုံနှိပ်ထုတ်ဝေခဲ့သည်။ ယနေ့ကွန်ပျူတာပညာထွန်းကားလာရာ ဗုဒ္ဓဓမ္မစာပေများကို မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်ဘာသာတို့ဖြင့် စီဒီရွှမ်များထုတ်ဝေဖြန့်ချိခဲ့သည်။ စီဒီရွှမ်အချပ် ၈၀၇ချပ်ပါဝင်သော မဟာဗုဒ္ဓဝင်စီဒီရွှမ်ကို ၁၉၉၉ခုနှစ်မှ စတင်ဖြန့်ချိခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံမြန်မာပြန်များကို စီဒီရွှမ်အချပ်ပေါင်း ၁၀၀၀၀ဖြင့် ထည့်သွင်းဖြန့်ဝေလျက်ရှိသည်။

၂၀၀၄ခုနှစ်အတွင်းက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူပြီး ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်၌ကျင်းပသော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ နိုင်ငံစုံမှ ဗုဒ္ဓဘာသာရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များတက်ရောက်ခဲ့ပေသည်။ မြန်မာနှင့် ကမ္ဘာသည် ဗုဒ္ဓသာသနာတော်ရေးဆိုင်ရာ ဆက်သွယ်ဆက်ဆံမှုများမပြတ်ရှိနေပေသည်။ ယနေ့မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်အရောင်သည် ထွန်းလင်းတောက်ပလျက်ရှိပုံကို ဗုဒ္ဓဘာသာဝင်များ သဒ္ဓါပွားစေရန် တင်ပြရပါသည်။ သာသနာတော်၏ အသက်ကားအဘယ်နည်း ဆက်လက်တင်ပြသွားပါမည်။

“ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါမြူးကွန့် အဓွန့်ရှည်စွာ တည်စေသော၀်”

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး အောက်တိုဘာ ၈ ရက်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

ရွှေမန်းဦးသောဘိတတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁) ရပ်ကွက် တိုင်းရင်းသားကျေးရွာနှင့် (၄၉) အဝါရောင် ကားဂိတ်အနီး ကန်ဦးကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ရွှေမန်း ဦးသောဘိတသည် သာကေတမြို့နယ် (၅)ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ သီတင်းကျွတ်လပြည့်နေ့ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် (၁၉)ရပ်ကွက်ရှိ စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ အနေးယာဉ်လုပ်သားများ၊ ပြည်သူများစုပေါင်း၍ အောက်တိုဘာ ၂၀ ရက် နံနက် ၆ နာရီမှ ၁၀ နာရီခွဲအထိ (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၅ ကျောင်းတို့အား သန့်ရှင်းရေးဒါန ဆောင်ရွက်ကြပြီး ကျောင်း ၂၂ ကျောင်းတွင် ခြင်ဆေးဖျန်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။ (က-ပ)

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားရာတွင် ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည် လျှောက်လှမ်းနေချိန်တွင် တွေ့ရှိလာမည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်တွန်းလှန် ဖယ်ရှားသွားကြရေး၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်သွားကြရေး၊ အသင်းသားများ၏ နှလုံးသည်းပွတ်တွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ကိန်းအောင်းနေအောင် လေ့ကျင့်ပျိုးထောင် ပေးကြရေးနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်မည့်ရှေ့လုပ်ငန်းစဉ်များကို အပြည့်အဝ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မြို့နယ်အသင်းရုံး (၇)ရုံးတို့အတွက် ကွန်ပျူတာတစ်စုံစီကို လည်းကောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ်တွင် ပြည်နယ်အတွင်းမှ ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများကို လည်းကောင်း၊ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားဝိုင်းပြိုင်ပွဲတို့၌ ထူးချွန်ဆု ရရှိသူများအား လည်းကောင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ထူးထရေးဒင်း ကုမ္ပဏီက ငွေကျပ် သိန်း ၉၀၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ ငွေမိုးဟိုတယ်၊ အာလောက သတ္တုတူးဖော်ရေး ကုမ္ပဏီ၊ ဘားအံမြို့မှ ရွှေဆိုင်လုပ်ငန်းရှင်များနှင့် ဟိုတယ်လုပ်ငန်းရှင်များက ငွေကျပ် ငါးသိန်းစီ၊ ကော့ကရိတ်မြို့မှ ဦးမျိုးနိုင် (အဆွေတော်ခရီးသွားလုပ်ငန်း)က ငွေကျပ် သုံးသိန်း၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသိန်း၊မြဝတီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ဒီကေဘီအေအဖွဲ့မှဦးဘသိန်းက ငွေကျပ် နှစ်သိန်း၊ ဒီကေဘီအေ ၉၉၉ က ငွေကျပ် နှစ်သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံတို့က လက်ခံကြသည်။

ထို့နောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)ကို ဆက်လက်ကျင်းပရာ သဘာပတိ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစောထားလုံက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲမြင့်က ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြဝတီခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက ခရိုင်အသင်းများ၏ တစ်နှစ်တာကာလ အတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် အစည်းအဝေးက ဆုံးဖြတ်ချက်များချမှတ်ပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)ကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဘောက်ထော် အေးသာယာလမ်းနေ ဦးချိန်ခါမိုး-ဒေါ်စန္ဒာနှင်း၊ သမီးရွှေနန်းထက်သာ၊ သား ကံကောင်းဆက်သာ မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိုးမခလမ်းနေ ဒါရိုက်တာ ဦးခင်ဇော်-ဒေါ်လှလှမြတ်၊ သမီး လင်းဇာနည်ဇော်၊ မြေး မမြူလင်းကိုကို၊ မောင်မိုးမြင့်ခန့်တို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာ့သံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၁၅** ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၀** ၁၄။ ဝတ်စားဆင်ယင်လှစေချင်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၄၅)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒဏ်ရာများနှင့်နှလုံးသား" (အပိုင်း-၁၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဇီးကုန်းမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မကွေးမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူ

ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် ပဲခူးတိုင်း ဇီးကုန်းမြို့နယ်၊ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်၊ မကွေးတိုင်း မကွေးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် ကံမမြို့နယ်တို့မှ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၆ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့သည်။

ပဲခူးတိုင်း ဇီးကုန်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ဇီးကုန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉အုပ်စုတို့မှ ပြည်သူအင်အား ၂၇၀၀၀ခန့်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၈နာရီခွဲတွင် ဇီးကုန်းမြို့နယ်ခန်းမမှ ရန်ကုန်ပြည်လမ်း၊ တာပွန်လမ်း၊ ၎င်းမှဘုရားလမ်း၊ စာတိုက်လမ်းအတိုင်းလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုထောက်ခံသည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ သူ့ကျွန်မခံပါ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မင်းကင်းမြို့ပေါ် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄အုပ်စု၊ ကျေးရွာပေါင်း ၄၇ရွာတို့မှ ပြည်သူအင်အား ၁၀၀၀၀ခန့်တို့သည် အောက်တိုဘာ ၁၉ရက် နံနက် ၇နာရီတွင် မင်းကင်းမြို့နယ် အားကစားကွင်းမှ စတင်ပြီး အနောက်လမ်းမကြီးမှတစ်ဆင့် သရက်တောလမ်း၊ ဆုတောင်းပြည့်ဘုရားလမ်း၊ သင်္ဂဟလမ်း၊ ဘဏ်လမ်း၊ စာတိုက်လမ်း၊ အုန်းတောလမ်းအတိုင်းလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ၂၀ ကို ကိုင်ဆောင်ကာ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ တည်ငြိမ်မှုကိုလိုလားသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မကွေးတိုင်း မကွေးမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မကွေးမြို့ပေါ် ၁၄ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၅ရွာတို့မှ ပြည်သူအင်အား ၁၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၀ရက် နံနက် ၇နာရီခွဲတွင် မကွေးမြို့နယ်အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ၆၄ခုကို ကိုင်ဆောင်ကာ ပြည်သူ့ဆန္ဒသဘောထား၊ မကွေးမြို့နယ် ပြည်သူလူထု ဆန္ဒဖော်ထုတ်ရှုတ်ချပွဲ၊ တည်ငြိမ်မှုကို လိုလားသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ဆင်ပေါင်ဝဲမြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၇ရွာတို့မှ ပြည်သူအင်အား ၆၀၀၀ခန့်တို့သည် အောက်တိုဘာ ၂၀ရက် နံနက်၇နာရီခွဲတွင် ဆင်ပေါင်ဝဲမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပေးရေး စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ၁၄ ခုကို ကိုင်ဆောင်ကာ ဒို့တာဝန်အရေးသုံးပါးနှင့် တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ တည်ငြိမ်မှုကို မဖျက်ဆီးပါနှင့်၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မကွေးတိုင်း ကံမမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကံမမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၃ ရွာတို့မှ ပြည်သူအင်အား ၆၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၁ရက် နံနက် ၇နာရီ ၁၀မိနစ်တွင် ကံမမြို့နယ် အမှတ်(၄)အမကမှ ကန်လည်ဘုရားလမ်း၊ ဆေးရုံလမ်း၊ ဥယျာဉ်တန်း၊ လမ်းမတော်လမ်း၊ မင်းရဲကျော်စွာလမ်း၊ ဗိုလ်ချုပ်လမ်း၊ ရွှေစည်းခုံဘုရားလမ်း၊ ကျောင်းကြီးလမ်း၊ အမှတ်(၁)လမ်းမှ စိုက်ဘဏ်ရုံးရှေ့သို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးတို့ကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ၁၄ ခုကို ကိုင်ဆောင်ကာ ကံမမြို့နယ် ပြည်သူလူထုက တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဆင်ပေါင်ဝဲမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကံမမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့၌ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၂ရက် နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် ကျောက်ဆည်မြို့၌ တိုင်းထွာရရှိခဲ့သောမိုးရေချိန် ၁၉၂မီလီမီတာ(၇ ဒသမ ၅၆ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ရှစ်နှစ်အတွင်း အောက်တိုဘာလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၁၆ မီလီမီတာ (၄ ဒသမ ၅၇ လက်မ)ဖြစ်ပြီး ၂၀၀၆ခုနှစ် အောက်တိုဘာ ၉ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

၂၀၀၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နိုဝင်ဘာ ၁၄ရက် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၉ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်းကို မူလကစီစဉ်ထားရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၂၆ ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဗုဒ္ဓပူဇနီယပွဲတော်မတိုင်မီ လှူဒါန်းနိုင်ကြောင်း နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၂၂

ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တွင် ဖြဟ္မာကြီး တစ်ရုပ်လျှင် ငွေရောင်ပြားကပ်လှူခြင်း ကုန်ကျစရိတ်ငွေကျပ် ၁၄၆၀၀၀၊ မုဒြာဘုရား တစ်ဆူလျှင် ရောင်တော်ဖွင့်ခြင်း ကုန်ကျစရိတ် ငွေကျပ် ၂၉၆၀၀၊ မဟာရံတံတိုင်း တစ်ခန်းလျှင်ဆေးသုတ်ခြင်း ကုန်ကျစရိတ် ငွေကျပ် ၆၀၀၀၊ လုံးတော်ပြည့်ရေဆေး ၁၀' x ၁၀' တစ်ကျင်းလျှင် ကုန်ကျစရိတ်ငွေကျပ် ၈၀၀၀ နှင့် ဆီဆေး၊ သဘော်ဆေး ၁၀' x ၁၀' တစ်ကျင်းလျှင် ကုန်ကျစရိတ်ငွေကျပ် ၁၁၀၀၀ တို့ကို ဗုဒ္ဓပူဇနီယပွဲတော်မတိုင်မီ မည်သူမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ဂေါပကအဖွဲ့ရုံး ဖုန်း-၆၉၄၄၉၈၊ ၆၅၀၄၈၄ နှင့် စွယ်တော်မြတ်စေတီတော် အလှူခံဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး တယောပြိုင်ပွဲနှင့် ဒုံမင်းပြိုင်ပွဲတို့ကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် တယောအတီးပြိုင်ပွဲနှင့် ဒုံမင်းအတီးပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် သစ်တောသုတေသနဌာန (စုဝေးခန်းမ)၌ ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) တယောအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ထို့မှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့သည် စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ကျင်းပသည့် ဒုံမင်းအတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ(၂၀)နှစ်(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းဆုံအနီး ပြည်လမ်းမကြီးအား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

လမ်းများအဆင့်မြင့်ရေး ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လမ်းများ အဆင့်မြင့်ရေး၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးတို့အတွက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လမ်းဆုံအနီး ပြည်လမ်းသို့ ရောက်ရှိပြီး ပြည်လမ်း အဆင့်မြင့်စေရေးအတွက် လူအား၊ စက်ယန္တရားအားတို့ဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းနေမှုကိုလည်းကောင်း၊ အင်းစိန်မြို့နယ်ရှိ အောက်မင်္ဂလာဒုံလမ်းနှင့် သီရိမင်္ဂလာလမ်းဆုံမှ ဒညင်းကုန်းလမ်းဆုံအထိ အောက်မင်္ဂလာဒုံလမ်း တစ်လျှောက်အား လူအား၊ စက်ယန္တရားအားတို့ဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းပြီးစီးရေးအတွက် မြန်ဆန်စွာ ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ့ကွန်ဗင်းရှင်းစင်တာသို့ သွားရောက်ပြီး ကျောက်မျက်သိုလှောင်ရုံ တည်ဆောက်နေမှုနှင့် ကျောက်မျက်ပြပွဲများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အအုံများ၊ ဝင်းမြေနေရာများ တိုးချဲ့မွမ်းမံ ပြင်ဆင်နေမှုလုပ်ငန်း အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၉)

မျက်စိအထူးကုအဖွဲ့ မလှိုင်မြို့၌ ကွင်းဆင်း အခမဲ့ခွဲစိတ်ကုသမှု အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းက စီစဉ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် မျက်စိအထူးကုအဖွဲ့သည် စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ အခမဲ့ ကွင်းဆင်းကုသခဲ့ကြသည်။

ထိုသို့ကုသရာသို့ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာထွန်းအောင်ကျော်၊ ပါမောက္ခ ဒေါက်တာဒေါ်မြင့်ခိုင်၊ စီမံကိန်းဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ငြိမ်းလင်း၊ ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာဝင်းကိုရှိန်၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ နေပြည်တော်ပျဉ်းမနားတို့မှ ခရိုင်မျက်စိအထူးကု ဆရာဝန်များ၊ မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးတို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများက ပါဝင်ဆောင်ရွက်ခဲ့သည်။

မျက်စိဝေဒနာရှင်ပေါင်း ၂၀၁၂ ဦး၊ အတွင်းတိမ်ခွဲစိတ်လူနာပေါင်း ၂၁၅ဦး၊ အသေးစားခွဲ စိတ်လူနာပေါင်း ၁၂၇ဦးတို့ကို အခမဲ့ ကြည့်ရှုခွဲစိတ် ကုသပေးခဲ့သည်။

ထိုလုပ်ငန်း ဆောင်ရွက်နိုင်စေရန် မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့၏ စည်းရုံးမှုဖြင့် မလှိုင်မြို့နယ် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ရန်ကုန်ရှိ မလှိုင်မြို့နယ် ဇီဝိတဒါန မျက်စိရောဂါ ကွင်းဆင်း ကုသရေး အကျိုးဆောင်အဖွဲ့တို့က ပံ့ပိုးကူညီခဲ့သည်။

ထိုသို့ ပံ့ပိုးကူညီနိုင်ရန် အလှူရှင်များက ငွေအား၊ ပစ္စည်းအား၊ လုပ်အားများဖြင့် ထည့်ဝင်ခဲ့ကြသည်။ အလှူရှင်များ၏ စေတနာထက်သန်မှုကြောင့် ပိုငွေ ၇၈သိန်းကျော်ကျန်ရှိသည်။ ထိုပိုငွေကို မျက်စိအထူးကု ဆရာဝန်ကြီး ဦးထွန်းအောင်ကျော်က ငွေပဒေသာပင်စိုက်ထူရန် မလှိုင်မြို့နယ် မျက်စိအလင်းဒါနအကျိုးဆောင်အဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်တင်သို့ လွှဲအပ်လိုက်သည်။ **(အပေါ်ပုံ)** (ကျန်းမာရေး)

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇

၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်(စနေနေ့)(ပထမအကြိမ်)
၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

အသက် ၅နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

အောင်ဘာလေထီဖွင့်ပွဲ နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

(၂၂၆)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နိုဝင်ဘာ ၁ရက် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ လေးဆု၊ ငွေကျပ်သိန်း (၁၀၀) ၃၅ဆု၊ ငွေကျပ် ၁၀သိန်း ၅၄၄ဆု၊ ငွေကျပ် ငါးသိန်း ၁၉ ဆု၊ ငွေကျပ် လေးသိန်း ၂၃ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၃ဆု၊ ငွေကျပ် တစ်သိန်း ၁၅၃၀ဆု၊ ငွေကျပ် ရှစ်သောင်း ၆၀ဆု၊ ငွေကျပ် လေးသောင်း ၁၀၁ဆု၊ ငွေကျပ် နှစ်သောင်း ၁၅၈၄၂ဆု စုစုပေါင်း ၁၈၃၅၄ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့် –

ပြည်သူလူထုသာ နစ်နာဆုံးရှုံးရသည်။
နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။
ဈေးသည်များ စီးပွားရေးထိခိုက်သည်။
အငှားကားမောင်းသူများ၊ ဆိုက်ကားနင်းသူများ အိတ်ထဲကစိုက်နေရသည်။
စတိုးဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့် –

ကိုလိုနီနယ်ချဲ့ပွဲကြီးများသာ အမြတ်ထွက်ကြသည်။
နယ်ချဲ့လက်ဝေခံမီဒီယာများ၊ ပြည်ပြေးများသာ ဒေါ်လာဆုကြေးတွေ ရနေကြသည်။
စီးပွားဖြစ်သွားသည်မှာ ထိုအဖျက်သမားများသာ ဖြစ်သည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုလ္လား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား